


# ဘာကို အရေးတကြီး လုပ်ရမှာတုံး

## ရှင်ဥပဝါဏာနှင့်ရှင်သာရိပုတ္တရာ

(၂၉၀)

ကျေးဇူးတော်ရှင်မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာလေးပါးတရားတော် အမှတ်စဉ် (၄၂) မှ
ထုတ်နုတ်ပုံနှိပ်ပါသည်။

ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# ဘာကို အရေးတကြီး လုပ်ရမှာတုံး

(ရှင်ဥပဝါဏနှင့် ရှင်သာရိပုတ္တရာ)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်  - ၂၆၉/၉၉(၆)
စာမူခွင့်ပြုချက်အမှတ်  - ၁၆၂/၉၉(၃)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသောတရားတော်

# ဘာကို အရေးတကြီး လုပ်ရမှာတုံး

(ရှင်ဥပဝါဏနှင့် ရှင်သာရိပုတ္တရာ)

ပဋိစ္စသမုပ္ပါဒ်ဆက်ခန်းဖြတ်ခန်းကိုမစမီ ဝဋ်ကို အဆုံးပြုနိုင်တဲ့တရားကို စတုက္ကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဟောထားတာနဲ့ ဒကာ ဒကာမတွေ ကျေးဇူးများသည်ထက် များအောင်၊ ရှင်ဥပဝါဏက မေးလို့ ရှင်သာရိပုတ္တရာက ဖြေတဲ့တရားကို ရှေ့ပိုင်းက နာရလိမ့်မယ်။ အမေးသမားက ရှင်ဥပါဝါဏ, အဖြေသမားက ရှင်သာရိပုတ္တရာလို့ ဒကာ ဒကာမတွေ မှတ်ထားကြပါ. . . ။ (မှန်ပါ့)။

## ဝိဇ္ဇာနဲ့ စရဏ

ကောင်းပြီ၊ ဘယ်လိုမေးလိုက်သတုံးလို့ ဆိုလို့ရှိရင်ဖြင့်၊ ဒကာ ဒကာမတွေ ဘုရားရှိခိုးထဲမှာ ပါ,ပါတယ်။ ဝိဇ္ဇာစရဏ သမ္ပန္နောလို့မပါကြဘူးလား . . . (ပါ,ပါတယ်ဘုရား)၊ ဝိဇ္ဇာစရဏ သမ္ပန္နောဆိုတာ ဒကာ ဒကာမတို့ လူတိုင်းရကြပါတယ်။ ဗုဒ္ဓ ဘာသာမှန်လို့ရှိရင် ကလေးသူငယ်ကစပြီး များသောအားဖြင့် ရတာကများတယ်လို့ ကိုစောမောင်တို့၊ ကိုစံလှတို့ မှတ်ထား ကြပါ. . . ။ (မှန်ပါ့)။

အဲဒီတော့ ရှင်ဥပဝါဏက ဒီ ဝိဇ္ဇာနဲ့ စရဏနဲ့ အထူးကို သိချင်တယ်. . . ။ (မှန်ပါ့)၊ ဝိဇ္ဇာနဲ့ စရဏဟာ ဘယ်လိုတုံး။ ဝိဇ္ဇာနဲ့ပဲ နိဗ္ဗာန်ရောက်မှာပဲလားဆိုတာ သူ့စိတ်ထဲမှာ သံသယ တော့ ရှိတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မယူနဲ့၊ သူလည်း ရဟန္တာပဲ၊ ဖြေဆိုသည့် ရှင်သာရိပုတ္တရာကလည်း ရဟန္တာပဲလို့ မှတ်ထားကြပါ. . . ။ (မှန်ပါ့)။

## စိတ်ချလက်ချ အားထုတ်ရစ်ကြပါစေ

အဲဒီတော့ ရဟန္တာမေးဖြေကြတဲ့အဖြေကို နောင်လာ နောက်သားတွေ သံသယမရှိဘဲနဲ့ အားထုတ်ရစ်ကြပါစေဆိုတဲ့ အာသီသဆန္ဒကြောင့် ရှင်ဥပဝါဏ ရဟန္တာကမေးပြီး၊ ရှင်သာရိ ပုတ္တရာ ရဟန္တာက ဖြေတယ်လို့ မှတ်ကြပါ။ တစ်ပါးက မသိလို့

တစ်ပါးက အဖြေပေးရတဲ့ အနေမျိုးကို မောင်ကိုတို့၊ မောင်ဘမို တို့က မမှတ်ပါနဲ့. . . ။ (မှန်ပ့ါ)၊ သက်သက် နောင်လာနောက်သား ဒကာ ဒကာမတွေ အလုပ်- လုပ်တတ်အောင်လို့ ပြတော်မူရှာတဲ့ ရဟန္တာ နှစ်ပါးလို့ ဆုံးဖြတ်ချက်ချပါ. . . ။ (မှန်ပ့ါ)။

## ဝိဇ္ဇာဆိုတာက ပညာ

သီလ သမာဓိ. . . ။ သီလနဲ့ သမာဓိက တစ်ခုပေ့ါလေ။ ဝိဇ္ဇာဆိုတာက ပညာ။ သီလဆိုတာက ဒကာ ဒကာမတွေ ဆောက်တည်တဲ့ သီလ သို့ပါလိမ့်မယ်နော်. . . ။ (မှန်ပ့ါ)၊ သီလ သမာဓိက တစ်ခု, ပညာ က တစ်ခု၊ တိုတိုမှတ်ကြတော့ ဒီဘက်က စရဏ, ဒီဘက်က ဝိဇ္ဇာပေ့ါဗျာ. . . ။ (မှန်ပ့ါ)။

သီလသမာဓိက ဘာခေါ်ကြမယ်. . . (စရဏပါဘုရား)၊ ပညာ ဘာခေါ်ကြမယ်. . . (ဝိဇ္ဇာပါဘုရား)။ သီလ, သမာဓိ, ပညာ-ကျုပ်တို့ သိပြီးသားပါပဲ. . . ။ (မှန်ပ့ါ)၊ ပါဠိလိုပြောတော့ ဘုန်းကြီး တို့ ဒကာ ဒကာမတွေ ရှုပ်နေမှာစိုးတဲ့အတွက် သီလ, သမာဓိက စရဏ၊ ပညာက. . . ဝိဇ္ဇာ. . . ။ (မှန်ပ့ါ)၊ အဲဒီတော့ ဝိဇ္ဇာနဲ့ စရဏဟာ ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုတာပါပဲ. . . ။ (မှန်ပ့ါ)။

## စရဏဆိုတာက သီလ သမာဓိ

ဒီဟာ ပြန်မေးတယ် ဒကာ ဒကာမတို့၊ တရားကို ဒီဘက်နှစ်ခုက စရဏလို့ခေါ်တယ်။ သီလ သမာဓိ. . . (မှန်ပါ့)၊ ဒီဘက်က ပညာတစ်ခုတည်းက . . . (ဝိဇ္ဇာပါဘုရား)၊ ကျုပ်တို့ နားလည်ထားတာက သီလ သမာဓိ ပညာကိုးဗျ။ အဲဒါနဲ့ တွဲပြောမှ မောင်နိုင်၊ မောင်ဘမှီတို့က ရှင်းမယ်. . . ။ (မှန်ပါ့ ဘုရား)။

## ရှင်ဥပဝါဏက မေးတယ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ရှင်ဥပဝါဏက မေးတယ်။ ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်ပါ့မလားတဲ့. . . ။ (မှန်ပါ့)။

ဘယ့်နှယ်မေးပါလိမ့်. . . (ဝိဇ္ဇာနဲ့ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ မေးပါတယ်)။

တိုတိုပြောကြစို့ ဆိုတော့ ဝိဇ္ဇာချည့်သက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ မေးလိုက်တယ်. . . ။ (မှန်ပါ့)၊ ရှင်သာရိပုတ္တရာက မရောက်နိုင်ဘူးလို့ ဖြေလိုက်တယ်. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

## ဝိဇ္ဇာသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား

ဝိဇ္ဇာသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ ရှင်ဥပတိဿက မေးတယ်။ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေသလဲ . . .။ (မရောက်နိုင်ပါဘုရား)။

ဒါ သေသေချာချာမှတ်နော် ဒကာ ဒကာမတွေ၊ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာ အင်မတန် အရေးကြီးလို့ ဒကာ ဒကာမတွေ ဒီစကားကို သုံးနေတယ်၊ နှုန်းနေတယ်ဆိုတဲ့ဥစ္စာ မောင်နိုင်တို့၊ မောင်ဘမှိုတို့ မှတ်ရလိမ့်မယ်. . .။ (မှန်ပါ့)။

## ပညာတစ်ခုတည်းနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလား

အဓိပ္ပာယ် ပေါ်ပါလိမ့်မယ် ဒကာ ဒကာမတို့၊ ဝိဇ္ဇာဆိုတာ ပညာပေါ့၊ ခင်ဗျားတို့ ဝိပဿနာရှုနေတဲ့အခါကျလို့ရှိရင် ဖြစ်ပျက်ကလေးတွေမြင်တာ ပညာပဲ. . .။ (မှန်ပါ့)၊ အဲဒီ ပညာကလေးတစ်ခုတည်းနဲ့၊ ဝိဇ္ဇာဆိုတဲ့ ပညာတစ်ခုတည်းနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ ဘယ်သူက မေးသတုံး . . .။ (ရှင်ဥပတိဿက မေးပါတယ်)၊ ရှင်ဥပတိဿက မေးတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေသလဲ. . .။ (မရောက်နိုင်ပါဘုရား)။

ဝိဇ္ဇာယ အန္တကရော ဟောတိလို့ ပါဠိလိုတော့ မေးတယ်။ သို့သော် ဒကာ ဒကာမတွေ နားရှုပ်နေမှာစိုးသောကြောင့် ဝိဇ္ဇာ တစ်ခုတည်းနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ လိုရင်းထိထိ

မြန်မာလိုပြောပါတယ်။ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေသလဲ. . . ။ (မရောက်နိုင်ပါဘုရား)၊ မှတ်ထားကြနော် ဒကာဒကာ့မတွေ၊ ပညာတစ်ခုတည်းနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူးတဲ့။ ဒါကို သေသေချာချာမှတ်ထားပါ။ ကိုစောမောင် အရေးမကြီးဘူးလား . . . ။ (ကြီးပါတယ်ဘုရား)။

## ပညာသက်သက်နဲ့ နိဗ္ဗာန်မရောက်နိုင်

အားလုံး ဒကာ ဒကာမတွေ ဝိဇ္ဇာဆိုတဲ့ ပညာတစ်ခုတည်းနဲ့ နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ ရှင်ဥပဝါဏက မေးတော့ ရှင်သာ့ရိပုတ္တရာက ဘယ့်နှယ်ဖြေသလဲ. . . ။ (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူး။ "နောဟိဒံ အာဝုသော" ဆိုတဲ့အတိုင်းပဲ မရောက်နိုင်ဘူးလို့ ဖြေလိုက်တယ်ဆိုတော့ ဪ. . . ပညာချည့်သက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ပါကလားလို့ ဆိုတာ ခပ်စေစေကလေး မှတ်ထားလိုက်စမ်းပါ. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

## စရဏသက်သက်နဲ့ နိဗ္ဗာန်မရောက်ဘူးလား

ဒုတိယတစ်ခါမေးပြန်တော့ စရဏသက်သက်နဲ့ကော နိဗ္ဗာန်မရောက်နိုင်ဘူးလားတဲ့။ သီလ, သမာဓိ သက်သက်နဲ့ကော နိဗ္ဗာန်မရောက်နိုင်ဘူးလားလို့ ဒုတိယပုစ္ဆာမေးပြန်တယ်၊

ဘယ်သူက မေးတာတုံး . . .။ (ရှင်ဥပဝါဏက မေးပါတယ်ဘုရား)၊ ရှင်သာရိပုတ္တရာက မရောက်နိုင်ဘူးလို့ပဲ ဖြေတယ်. . .။ (မှန်ပါ့)၊ ဘယ်နှခုရှိသွားပလဲ. . .။ (နှစ်ခုရှိသွားပါပြီ)။

ဝိဇ္ဇာချည့်သက်သက်နဲ့ ရောက်နိုင်သလားလို့မေးတော့. . . (မရောက်နိုင်ပါဘုရား)၊ စရဏသက်သက်နဲ့ ရောက်နိုင်သလားလို့မေးတော့ကော. . . (မရောက်နိုင်ပါဘုရား)။

## ရှင်သာရိပုတ္တရာက ဖြေတယ်

အရှင်သာရိပုတ္တရာက ဖြေနေတယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ. . .။ (မှန်ပါ့)၊ ရှင်းပလား . . .။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် မေးစရာ ဘယ်ကဲ့သို့ အကွက်ပေါ်လာသတုံးလို့ဆိုတော့ နှစ်ခုပေါင်းမေးရုံမှတစ်ပါး မောင်နိုင်၊ မောင်ဘမှိ ဘာမေးစရာရှိသတုံး . . .။ (မရှိတော့ပါဘုရား)။

## ဝိဇ္ဇာ၊ စရဏ နှစ်ခုနဲ့ကော ရောက်နိုင်မလား

ဒါဖြင့် ရှင်ဥပဝါဏက ဒီ ဝိဇ္ဇာရော စရဏရော နှစ်ခုနဲ့ကော နိဗ္ဗာန်မရောက်နိုင်ဘူးလားတဲ့ မေးပြန်တော့ ရှင်သာရိပုတ္တရာက မရောက်နိုင်ဘူးတဲ့. . .။ (မှန်ပါ့)၊ ဟော-တော်တော်ခွကျသွားပြီ။ မရောက်နိုင်ဘူးဘဲ ဖြေတယ်. . .။ (မှန်ပါ့)။

ဒကာ ဒကာမတို့ သဘောကျပလား . . .။ (ကျပါပြီ)၊ သီလ, သမာဓိရော ပွားလို့ရှိရင် နိဗ္ဗာန်မရောက်နိုင်ဘူးလားဘုရား လို့ ရှင်ဥပဝါဏက မေးတော့ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေ သတုံး . . .။ (မရောက်နိုင်ပါဘုရားလို့ ဖြေပါတယ်)။

ကိုစောမောင်၊ ကိုစံလှတို့ မရောက်နိုင်တာချည့်ပါနေ တယ်). . .။ (မှန်ပါ့)၊ ဒါဖြင့် ကန့်လန့်ပဲ မေးရုံကျန်တော့ တယ်. . .။ (မှန်ပါ့)။

## ဝိဇ္ဇာ စရဏ မရှိဘဲနဲ့ကော

ဒါဖြင့် ဝိဇ္ဇာ စရဏ မရှိဘဲနဲ့ကော နိဗ္ဗာန်မရောက်နိုင်ဘူး လားတဲ့ မေးပြန်တာပဲ။ မရောက်နိုင်ဘူးတဲ့ ဖြေလိုက်တယ်. . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ)၊ ဘယ်နှခုရှိသွား ပလဲ. . .။ (လေးခုရှိသွားပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတို့ ဒါက အတော်ကလေးကို ဂရုစိုက်ပြီးသကာလ မှတ်ပါ။ ပြီးတော့ အဖြေက ရှင်းလာလိမ့် မယ်။ ကိုစံလှ အမေးရှင်းထားမှ အဖြေက ရှင်းမှာကိုး . . .။ (မှန်ပါ့)၊ အမေးနားမလည်တဲ့ပုဂ္ဂိုလ် ဘယ်လိုအဖြေထွက်နေစေ ကာမူ အဖြေရယ်လို့ သိပ့်မလား . . .။ (မသိပါဘုရား)၊ သဘောကျပလား မောင်နိုင်. . .။ (ကျပါပြီဘုရား)။

ပြန်မေးပါဦးမယ် ဒကာ ဒကာမတို့၊ သီလ, သမာဓိက စရဏနော်. . .။ (မှန်ပါ့)၊ ပညာက. . . (ဝိဇ္ဇာပါဘုရား)။

## ရဟန္တာနှစ်ပါး အမေးအဖြေ

အဲ. . . ဒါကို မှတ်ထားပါ။ ကျုပ်တို့ မှတ်ထားတာက သီလ သမာဓိ ပညာစုံရင် ပြီးတာပါပဲ. . . တဲ့၊ နိဗ္ဗာန်ရောက်နိုင်တာပဲ အစရှိသည်နဲ့ မယူကြဘူးလား . . . ။ (ယူပါတယ်ဘုရား)၊ အဲဒီတော့ ကျုပ်တို့ နဂိုက ယူထားတဲ့ အယူတွေကို ရဟန္တာနှစ်ပါး မေးတာ ဖြေတာကို အကဲခတ်ပါ. . .။ (မှန်ပါ့)၊ ရှင်ဥပဝါဏက မေးတယ် ဒကာ ဒကာမတို့ မရှင်း-ရှင်းအောင်လို့ တစ်ခေါက်ပြန်ပြောတယ်လို့ပဲ မှတ်လိုက်ပါတော့. . .။ (မှန်ပါ့)၊ ဝိဇ္ဇာ သက်သက်နဲ့ ဝဋ်ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန် မရောက်နိုင်ဘူးလားလို့ မေးတယ်၊ ရှင်သာရိပုတ္တရာက ဘယ့်နှယ်ဖြေသတုံး . . .။ (မရောက်နိုင်ပါ ဘုရားတဲ့)၊ ဒါဖြင့် သီလ, သမာဓိဆိုတဲ့ စရဏ နှစ်ခုနဲ့ကော၊ ဝဋ် အဆုံးဖြစ်တဲ့ နိဗ္ဗာန်မရောက်နိုင်ဘူးလားလို့ မေးပြန်တော့ကော. . . (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ချည့်ပဲ ဖြေနေတယ်. . .။ (မှန်ပါ့)။

## မရောက်ဘူးချည့် ဖြေတယ်

ဒါဖြင့် ဝိဇ္ဇာရော စရဏရော နှစ်ခုပေါင်းနဲ့ကော နိဗ္ဗာန် မရောက်နိုင်ဘူးလားလို့ မေးပြန်တယ်. . .။ (မရောက်ပါဘုရား လို့ပဲ ဖြေပါတယ်)၊ ဒီအဖြေဟာ အခက်ဆုံးပဲ. . .။ (မှန်ပါ)။

ဒီအဖြေဟာ အရေးတကြီး ခက်တာပဲ. . .။ (မှန်ပါ)၊ ကျုပ်တို့ကလည်း အားကိုးထားလိုက်တာ၊ သီလ, သမာဓိ, ပညာစုံရင် နိဗ္ဗာန်ရောက်တာပဲတဲ့၊ ဒီက သီလ, သမာဓိ, ဒီက ပညာကိုးဗျ. . .။ (မှန်ပါ)၊ ရှင်းပလား . . .။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် စတုတ္ထမေးခွန်း မေးရုံပဲ မောင်နိုင်၊ မောင်ဘမှိတို့ ရှိတော့တယ်. . .။ (မှန်ပါ)၊ ဝိဇ္ဇာစရဏမှတစ်ပါး တခြားသော တရားနဲ့ကော နိဗ္ဗာန်မရောက်နိုင်ဘူးလား၊ မေးရုံပဲရှိတော့ မယ်. . .။ (မှန်ပါ)၊ မရောက်နိုင်ဘူးဘဲ ရှင်သာရိပုတ္တရာက ဖြေတယ်။ သဘောကျပလား . . .။ (ကျပါပြီ)။

အမေး ဘယ်နှချက်ပါလိမ့်. . .။ (လေးချက်ပါဘုရား)၊ အဖြေကလည်း လေးချက်ပဲ။ ရောက်နိုင်တာများ ပါရဲ့လား . . .။ (မပါ,ပါ ဘုရား)။

## ရှင်သာရိပုတ္တရာဆိုတာ

ဒီတော့ အခု တရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေ တရား အကွက်မလည်ခင် ဆိုလို့ရှိရင်ဖြင့် အတော်ခက်ပါပေ့လား

. . . ။ ရှင်သာရိပုတ္တရာ ဆိုတာကလည်း ဘုရားရှင်ကလွဲရင် ပညာအရာမှာ အလွန်ကြီးမားလွန်းလို့ ပညာဧတဒဂ်ရ ပုဂ္ဂိုလ်ကြီး၊ ဘုရားအောက် သူတစ်ပါးသာ ရှိတယ်ဆိုတော့ သူဖြေတာကလည်း နိဗ္ဗာန်ကို ပညာသက်သက်နဲ့လည်း မရောက်နိုင်ဘူး၊ သီလ, သမာဓိ, ပညာ ပေါင်း၍လည်း. . . (မရောက်နိုင်ပါဘုရား)။

သီလ, သမာဓိ, ပညာမှ တစ်ပါးသော၊ အခြားသော တရားနဲ့လည်း. . . (မရောက်နိုင်ပါဘုရား)၊ တစ်ပါးသော တရားနဲ့လည်း မရောက်နိုင်ဘူးလို့ ဆိုပြန်တော့ ဒကာ ဒကာမတွေ ကျန်တဲ့ဒါနသက်သက် အစရှိသည်တို့နဲ့ဆိုရင်လည်း ဝေးကွာနေတဲ့ အဓိပ္ပာယ်ရောက်နေတယ်. . . ။ (မှန်ပါ့)၊ မရောက်ဘူးလား . . . ။ (ရောက်ပါတယ်ဘုရား)၊ အင်မတန်ဉာဏ်ပညာကြီးကျယ်တဲ့ ပုဂ္ဂိုလ်ပါလားဆိုတာ ဒကာ ဒကာမတွေ နောက် အရေလည်လာတဲ့အခါကျတော့ မောင်နိုင်၊ မောင်ဘမိုတို့ ရှင်းမှာပေါ့. . . ။ (မှန်ပါ့)။

အခုအတိုင်း သာမည ပြန်ကြည့်လို့ရှိရင် ရှင်သာရိပုတ္တရာ အဖြေဟာ နားလည်နိုင်စရာတောင် မရှိဘူး . . . ။ (မှန်ပါ့ဘုရား)၊ ရှင်ဥပဝါဏ အနေနဲ့ကြည့်မယ်ဆိုတော့ အရှင်ဘုရား အဖြေဟာ သိပ်ခက်နေပါပြီပြောဖို့သာ ရှိတော့တာပေါ့. . . ။ (မှန်ပါ့)၊ ဒိပြင် ဘာပြောဖို့ ရှိသေးသတုံး . . . ။ (မရှိပါဘုရား)၊

ကြည့်လေ. . . ဝိဇ္ဇာ သက်သက်နဲ့ကော ဝဋ်အဆုံးဖြစ်တဲ့ နိဗ္ဗာန် ရောက်ပါသလားလို့ မေးတော့ မရောက်ဘူးတဲ့ . . .။ (မှန်ပါ့)၊ စရဏဆိုတဲ့ သီလ, သမာဓိနဲ့ ရောက်နိုင်သလားလို့ မေးပြန်တော့ လည်း မရောက်နိုင်ဘူးလို့ ဖြေပြန်တယ်။ နှစ်မျိုးပေါင်းနဲ့ ရောက်မလားလို့ မေးပြန်တော့လည်း . . . (မရောက်နိုင်ပါ ဘုရား)။

ဒါဖြင့် သူတို့နှစ်ခုမှ တစ်ပါးသော၊ တခြားသော တရားနဲ့ နိဗ္ဗာန်ရောက်မလားလို့ မေးပြန်တော့လည်း . . . (မရောက်နိုင်ပါ ဘုရား)၊ ဒါဖြင့် တပည့်တော်ဖြင့် မတတ်နိုင်တော့ဘူး၊ အရှင် ဘုရားပဲ အဖြေထုတ်ပါတော့ အဓိပ္ပာယ်မျိုးပြောရတယ်. . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

## ပညာသက်သက်ဟာ ဥပါဒါန်ရှိနေတယ်

အဲဒီတော့ ပညာသက်သက်နဲ့ ပညာဆိုတာ ဝိဇ္ဇာပေါ့ ဗျာ. . .။ (မှန်ပါ့)၊ ပညာသက်သက်နဲ့ နိဗ္ဗာန်ရောက်ရမယ်ဆိုလို့ ရှိရင်လည်း စွဲလမ်းခြင်းရှိနေတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်နေတယ်. . .။ (မှန်ပါ့)၊ စွဲလမ်းခြင်း ဥပါဒါန် ရှိနေသေးတယ်။ ဥပါဒါန်ရှိနေသေးတဲ့ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်တယ် လို့ပြောလိုက်ရာ ရောက်ပါတယ်တဲ့။ ဥပါဒါန်မကင်းသေးဘူး ဆိုတယ်။ ပညာသက်သက်နဲ့ . . .။ (မှန်ပါ့)၊ သဘောကျပလား

. . . ။ (ကျပါပြီဘုရား)။

ပညာသက်သက်နဲ့ဖြင့် . . . (ဉပါဒါန် မကင်းသေးပါဘုရား)၊ ဒါဖြင့် ဉပါဒါန်မကင်းသေးလို့ရှိရင် ဉပါဒါနပစ္စယာ ဘယ့်နှယ်ဆိုကြမလဲ. . . ။ (ဘဝေါပါဘုရား)၊ ဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ အဲဒါဖြေတာပဲ၊ ပညာသက်သက်နဲ့ မရနိုင်သေးဘူး . . . ။ (မှန်ပါ့)။

## ဉပါဒါန်ရှိနေလို့ နိဗ္ဗာန်မရောက်

ပညာသက်သက်ဟာ ဉပါဒါန်ရှိသေးတယ်တဲ့ . . . ။ (မှန်ပါ့)၊ ပညာသက်သက်နော်. . . ။ ဒီဘက်က သီလ, သမာဓိ မပါဘူးနော်. . . ။ (မှန်ပါ့)၊ ပညာသက်သက်နဲ့ဆိုရင် ဘာတဲ့ . . . (ဉပါဒါန် ရှိပါသေးတယ်)၊ ဉပါဒါန်ရှိပြီး သကာလ နေတဲ့အတွက် ဉပါဒါန ပစ္စယာ ဘယ့်နှယ်ဆိုမတုံး . . . ။ (ကမ္မဘဝ)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ ဇာတိရတော့ ဘယ်မှာနိဗ္ဗာန်ပါသေးသတုံး . . . ။ (မပါ,ပါဘုရား)။

သူ့သက်သက်နဲ့ဖြင့် ဉပါဒါန်ရှိသေးတယ်။ ထိုကဲ့သို့ ဉပါဒါန် ရှိနေတဲ့အတွက် ဒကာ ဒကာမတို့ နိဗ္ဗာန်ရောက်ပါ့မလား . . . ။ (မရောက်ပါဘုရား)၊ မရောက်ပုံ ဘုန်းကြီးက ရှင်းပြတယ်၊ ဉပါဒါန်ရှိနေသေးလို့ရှိရင် ဉပါဒါနပစ္စယာ ကမ္မဘဝ။ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ ဇာတိပစ္စယာ. . . (ဇရာ

မရဏပါ ဘုရား)၊ နိဗ္ဗာန်ပါရဲ့လား၊ ဒီအထဲမှာ. . .။ (မပါ,ပါ ဘုရား)၊ နိဗ္ဗာန် မပါ, ပါဘူး။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာပဲ ပါ တယ်. . .။ (မှန်ပါ့)၊ ရှင်းပြီနော်. . .။ (ရှင်းပါပြီဘုရား)။

ဥပါဒါန်မကင်းလို့ နိဗ္ဗာန်မရောက်ပါဘူးတဲ့. . .။ ပညာ သက်သက်နဲ့ ဥပါဒါန်မချုပ်ဘူး . . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ)။

## သူတို့လည်း ဥပါဒါန်ရှိနေသေးတယ်

နို့ . . . တပည့်တော်က သီလသမာဓိသက်သက်နဲ့ ကော နိဗ္ဗာန်မရောက်ဘူးလားမေးတော့ အရှင်ဘုရားက မရောက်ဘူးလို့ ဖြေတာကို ရှင်းပြပါဦးဆိုတော့ သူလည်း ဥပါဒါန်ရှိတာပဲတဲ့. . .။ (မှန်ပါ့)၊ ဥပါဒါန်ရှိနေသေးလို့ သီလ, သမာဓိသက်သက်ရှိတဲ့ ပုဂ္ဂိုလ်ဟာလည်း သီလ, သမာဓိ သက်သက်နဲ့ ဥပါဒါန်ချုပ်အောင်မလုပ်နိုင်ပါဘူးတဲ့. . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ)၊ ဥပါဒါန်ရှိလို့ရှိရင် ဥပါဒါန ပစ္စယာ. . . (ကမ္မဘဝေါ)၊ ကမ္မဘဝ ပစ္စယာ. . . (ဇာတိပါ ဘုရား)၊ ဇာတိပစ္စယာ. . . (ဇရာမရဏပါဘုရား)၊ နိဗ္ဗာန်ပါရဲ့ လား . . .။ (မပါ, ပါဘုရား)။

ဒါဖြင့် သီလ, သမာဓိ သက်သက်နဲ့လည်း မောင်နိုင်၊ မောင်ဘမို့တို့ နိဗ္ဗာန်မရောက်နိုင်သေးဘူး . . .။ (မှန်ပါ့)၊ ပညာ

သက်သက်နဲ့ကော. . . (မရောက်နိုင်သေးပါဘုရား)၊ မရောက်နိုင်တာရှင်းပလား . . .။ (မှန်ပါ့)၊ ဥပါဒါန်ရှိနေတယ်တဲ့. . .။ (မှန်ပါ့)၊ သီလ, သမာဓိ သက်သက်ကလည်း ဥပါဒါန်ချုပ်ကဲ့လား . . .။ (မချုပ်ပါဘုရား)၊ ပညာချည့်သက်သက်ကော. . . ဥပါဒါန်ချုပ်အောင် လုပ်နိုင်ရဲ့လား . . .။ (မလုပ်နိုင်ပါဘုရား)၊ သဘောပါပလား . . .။ (ပါ,ပါပြီဘုရား)။

သို့သော် ဒီအဖြေသည် ရှင်းအောင်လို့သာ ဆရာဘုန်းကြီးက ရှင်းပြီး ရှင်သာရိပုတ္တရာ ရှင်းတာကို ရှင်းပြောနေတာပါ. . .။ (မှန်ပါ့)။

## ဒီနှစ်ခုပေါင်းလည်း ဥပါဒါန်ရှိတာပဲ

ဒါဖြင့် ဒီနှစ်ခုပေါင်းလိုက်ရလို့ရှိရင် နိဗ္ဗာန်မရောက်နိုင်ဘူးလားလို့ မေးပြန်တော့လည်း ဥပါဒါန်ရှိတာပဲကွတဲ့. . .။ (မှန်ပါ့)၊ ဒီနှစ်ခုပေါင်းလည်း ဥပါဒါန်ရှိပြီးသကာလ နေတဲ့အတွက်၊ စွဲလမ်းမှုရှိနေတဲ့အတွက် ဥပါဒါနပစ္စယာ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာမရဏ သွားဦးမှာပဲ. . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

နှစ်ခုပေါင်းနဲ့ကော. . . (မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူးဆိုတာ သေချာပလား . . .။ (သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ . . . ဒီပြင် ကျန်တဲ့ စတုတ္ထမေးခွန်းပဲ အဖြေထုတ်ရုံရှိတော့တယ် . . . (မှန်ပါ့)၊ ဒါဖြင့် သီလ, သမာဓိရော ပညာရော ကင်းပြီးသကာလ နိဗ္ဗာန်ရောက် သလားလို့ မေးလိုက်ပြန်တော့လည်း မရောက်ဘူးတဲ့ . . .။ (မှန်ပါ့)၊ မရောက်ခြင်း၏အကြောင်း ငါဖြေပါ့မယ်၊ သီလ, သမာဓိ, ပညာ ကင်းတာ ပုထုဇဉ်တဲ့ . . .။ (မှန်ပါ့)၊ ရိပ်မိကြပလား . . .။ (ရိပ်မိပါပြီ)။

## ဝိဇ္ဇာ၊ စရဏ မရှိရင် ပုထုဇဉ်

ဒါဖြင့် သီလ, သမာဓိ, ပညာမှ တစ်ပါးသော တရားနဲ့ နိဗ္ဗာန်ရောက်တယ်ဆိုရင်လည်း ပုထုဇဉ်တွေ အကုန်ရောက်မှာပဲ။ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

သီလ, သမာဓိ, ပညာကင်းတဲ့ ပုဂ္ဂိုလ်တွေ နိဗ္ဗာန်ရောက် မယ်ဆိုရင်လည်း . . . (ပုထုဇဉ်တွေ နိဗ္ဗာန်ရောက်ကုန်မှာပါ ဘုရား)၊ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

ဒါဖြင့် အဖြေလေးချက် မဖြေသေးဘူးလား . . .။ (ဖြေပါပြီဘုရား)၊ နိဗ္ဗာန်ရောက်တာကို ပါရဲ့လား . . .။ (မပါ,ပါ ဘုရား)၊ အဲဒါ ရှင်သာရိပုတ္တရာ ဉာဏ်ကြီးတာ ခင်ဗျားတို့ ပေါ်ရော့မယ် . . .။ (မှန်ပါ့)၊ ရှင်သာရိပုတ္တရာဉာဏ်ကြီးတာ သေသေချာချာပေါ်မယ် ဒကာ ဒကာမတို့၊ အခု အကုန်ပယ်ချ

လိုက်တာ သဘောကျပလား . . . ။ (ကျပါပြီဘုရား)၊ ဝိဇ္ဇာ သက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်မလားဆိုတော့ ဉပါဒါန်ရှိတယ်တဲ့။ မရောက်နိုင်ဘူးတဲ့. . . ။ (မှန်ပါ့)။

## ငါတတ်တယ်၊ ငါသိတယ်ဆိုတဲ့ ဉပါဒါန်

ဝိဇ္ဇာသက်သက်နဲ့ နိဗ္ဗာန်ရောက်နိုင်သလား . . . ။ (မရောက်နိုင်ပါဘုရား)၊ ဘာရှိနေလို့လဲ. . . ။ (ဉပါဒါန်ရှိနေပါတယ်)၊ **ငါ တတ်တယ်, ငါသိတယ်** ဆိုတဲ့ ဉပါဒါန်က ရှိနေတယ်. . . ။ (မှန်ပါ့)၊ ဒီဉပါဒါန်တွေက မရှိဘူးလား . . . ။ (ရှိပါတယ်)၊ အဲဒီ ဉပါဒါန်တွေရှိနေတဲ့အတွက် ပညာသက်သက်နဲ့ဖြင့် ဘာတဲ့တုံး . . . ။ (နိဗ္ဗာန် မရောက်နိုင်ပါဘုရား)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

ငါသိ, ငါတတ်ဆိုတာက မလာဘူးလား . . . ။ (လာပါတယ်)၊ ငါသိ, ငါတတ်ဆိုတော့ ဒကာ ဒကာမတို့၊ ပညာသက်သက်နဲ့ပုဂ္ဂိုလ်ဟာ ဉပါဒါန်ရှိတယ်။ ဉပါဒါန်ရှိတော့ ဉပါဒါနပစ္စယာ. . (ကမ္မဘဝေါပါဘုရား)၊ ကမ္မဘဝဆိုတော့ ကံလာဦးမယ်။ ကမ္မဘဝပစ္စယာ. . . (ဇာတိပါဘုရား)၊ အဲဒါကြောင့် ပညာသက်သက်နဲ့ ဆိုလို့ရှိရင်ဖြင့် ဉပါဒါန်ရှိနေလို့မရနိုင်ဘူး . . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ ဘုရား)။

## အချို့ဖြဟ္မာတွေ နိဗ္ဗာန်မရောက်

ဒါဟာ ဒုတိယအကြိမ် ခင်ဗျားတို့ကို ထပ်ပြီးသကာလ ပြောပြန်တာလို့မှတ်ပါ. . .။ (မှန်ပါ့)၊ သီလ, သမာဓိ သက်သက်နဲ့ ဆိုပြန်လို့ ရှိရင်လည်း ဥပါဒါန်ရှိတာပဲတဲ့၊ သီလကို ငါ့သီလဆိုတဲ့ အစွဲက မရှိဘူးလား . . . ။ (ရှိပါတယ်)၊ သမာဓိကိုလည်း ငါ့သမာဓိ ဆိုပြီးသကာလ စွဲနေလို့ အချို့ဗြဟ္မာတွေ နိဗ္ဗာန် မရောက်တာ လည်း ထင်ရှားကြပါလိမ့်မယ်။ မထင်ရှားဘူးလား . . . ။ (ထင်ရှားပါတယ်ဘုရား)၊ အဲဒီတော့ သူတို့ ဥပါဒါန်ပြုတ်ရဲ့ လား . . . ။ (မပြုတ်ပါဘုရား)၊ မပြုတ်လို့ရှိရင် ဥပါဒါန ပစ္စယာ. . . (ကမ္မဘဝေါ)၊ ကမ္မဘဝပစ္စယာ. . . (ဇာတိပါ ဘုရား)၊ ဇာတိ ပစ္စယာ. . . (ဇရာ,မရဏပါဘုရား)၊ သဘောကျ ပလား . . . ။ (ကျပါပြီ)။

## အစွဲတွေ အသီးသီးရှိနေကြတယ်

ကောင်းပြီ၊ ဒါဖြင့် သီလ, သမာဓိရော, ပညာရော မရောက်နိုင်ဘူးလားလို့ မေးပြန်တယ်။ မရောက်နိုင်ဘူးတဲ့ ရှင်သာရိပုတ္တရာက. . . (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)၊ သူ့အစွဲ- သူ့အစွဲတွေ အသီးသီးရှိနေကြတယ်။ မရှိဘူးလား . . . ။ (ရှိပါတယ်ဘုရား)၊ သီလ, သမာဓိလည်း သူစွဲတာပဲ။ ပညာလည်း သူစွဲနေတဲ့အတွက် ဒကာ ဒကာမတို့

ဥပါဒါနပစ္စယာ၊ ကမ္မဘဝေါ၊ ကမ္မဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ၊ ဇရာမရဏာဆိုတဲ့ ဝဋ်ဒုက္ခဘက် ဝဲလှည့်နေ တယ်. . . ။ (မှန်ပါ့)။

ဘယ်လှည့်နေသလဲ. . . ။ (ဝဋ်ဒုက္ခဘက် လှည့်နေပါတယ်ဘုရား)၊ ဝဋ်ဒုက္ခဘက် လှည့်သွားတယ်ဆိုတာ ဒကာဒကာမတို့ ကောင်းကောင်းကျေနပ်ပလား . . . ။ (ကျေနပ်ပါပြီဘုရား)။

## ပုထုဇဉ်နိဗ္ဗာန်ဆိုတာ မရှိ

ဒါဖြင့် သူတို့မှတစ်ပါး အခြားသော တရားနဲ့လည်း နိဗ္ဗာန်ရောက်သလားဆိုတော့လည်း ဒီလိုဆိုရင် ပုထုဇဉ်တွေ နိဗ္ဗာန်ရောက်ကုန်မှာပေါ့လို့ ဖြေလိုက်တယ်. . . (မှန်ပါ့)၊ ပုထုဇဉ်ဟာ နိဗ္ဗာန်ရောက်နိုင်ရဲ့လား . . . ။ (မရောက်နိုင်ပါဘုရား)၊ ပုထုဇဉ်လောက် ကိလေသာပေါတာ ရှိသေးရဲ့လား . . . ။ (မရှိပါဘုရား)၊ ဒီတော့ ဘယ်မှာနိဗ္ဗာန်ရောက်နိုင်မှာတုံး ဒကာ ဒကာမတို့။ ရောက်နိုင်ရဲ့လား . . . ။ (မရောက်နိုင်ပါဘုရား)၊ ပုထုဇဉ်ရောက်တဲ့ နိဗ္ဗာန်ရယ်လို့လည်း ကြားဖူးသလား . . . ။ (မကြားဖူးပါဘုရား)၊ မရှိပါဘူး၊ အရိယာတို့၏ဆိုင်ရာဋ္ဌာနသက်သက်သာ နိဗ္ဗာန်ရှိပါ တယ်. . . ။ (မှန်ပါ့)၊ ပုထုဇဉ်နိဗ္ဗာန်ရယ်လို့ ရှိပါရဲ့လား . . . ။ (မရှိပါဘုရား)၊ သဘောပါပလား . . . ။ (ပါ,ပါပြီ ဘုရား)။

## စရဏ မပြည့်စုံရင် ဝိဇ္ဇာမဖြစ်

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ . . . ရှင်သာရိပုတ္တရာ အင်မတန် နက်နက်နဲနဲဖြေတယ်ဆိုတာ ပေါ်တော့မယ်. . .။ (မှန်ပါ့)၊ အဲဒီတော့ သီလ, သမာဓိကို စဉ်းစားလိုက်. . .။ (မှန်ပါ့)၊ သီလ သမာဓိကို စဉ်းစားပါ မောင်နိုင်တို့၊ မောင်ဘမှီတို့က. . . (မှန်ပါ့)၊ စရဏမပြည့်စုံလို့ရှိရင် ဝိဇ္ဇာဘယ်တော့မှ မဖြစ်ဘူးတဲ့. . .။ (မှန်ပါ့)၊ ရိပ်မိပလား . . .။ (ရိပ်မိပါပြီ)။

## ယထာဘူတဉာဏ် မရတော့

စရဏမပြည့်စုံရင်. . . (ဝိဇ္ဇာဘယ်တော့မှ မဖြစ်ပါဘုရား)၊ သီလ သမာဓိ မရှိရင် ပညာမဖြစ်နိုင်ဘူးတဲ့။ ဒီအဓိပ္ပာယ်ရတယ်. . .။ (မှန်ပါ့)၊ ဒီတော့ သီလ သမာဓိ မရှိရင် ပညာမဖြစ်နိုင်ဘူးဆိုတာ ဒကာ ဒကာမတွေ မှတ်ရမယ်. . .။ (မှန်ပါ့)၊ သီလ, သမာဓိ မရှိခဲ့တဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုရင်ဖြင့် ယထာဘူတဉာဏ်ကို မရတော့ဘူး . . .။ (မှန်ပါ့)။

ယထာဘူတဉာဏ်ကို . . . (မရတော့ပါဘူးတဲ့)၊ မရတော့ ဘယ့်နှယ်လုပ်ပြီး ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရအောင် မျက်မှောက်ပြုနိုင်ပါ့မလဲ. . .။ (မပြုနိုင်ပါဘုရား)၊ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

ဒါဖြင့် သီလသမာဓိပြည့်စုံတဲ့ ပုဂ္ဂိုလ်ကျပြန်တော့ စရဏာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ပါမူကား သီလ, သမာဓိက ပြည့်စုံ မနေဘူးလား . . . ။ (နေပါတယ်ဘုရား)၊ ပြည့်စုံနေတော့ ယထာဘူတဉာဏ် အလိုလိုတက်သွားတယ် . . . ။ (မှန်ပါ)၊ သဘောကျပလား . . . ။ (ကျပါပြီဘုရား)။

## ပြည့်စုံရင် အလိုလိုတက်မယ်

သီလ, သမာဓိ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ ဘာတဲ့ . . . ။ (ယထာဘူတဉာဏ် တက်သွားပါတယ်ဘုရား)၊ ယထာဘူတဉာဏ်အလိုလိုတက်သွားမယ်တဲ့။ အဲဒီတော့ ဝိဇ္ဇာပေါ်လာမယ်လို့ ပြောတာ . . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ သီလ, သမာဓိဆိုတဲ့ဥစ္စာတော်တော်အရေးကြီးတယ်ဆိုတာ ပေါ်လာပလား . . . ။ (ပေါ်လာပါပြီဘုရား)၊ သီလ, သမာဓိပြည့်စုံလို့ရှိရင် . . . (ဝိဇ္ဇာဟာ ပေါ်လာပါမယ်ဘုရား)၊ ပေါ်လာမယ်တဲ့၊ ဟုတ်တိုင်းမှန်စွာ သိလာမယ်တဲ့။ သိလာလို့ရှိရင်ဖြင့် ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်မယ်တဲ့ . . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)။ ထူးခြားပလား . . . ။ (ထူးခြားပါပြီဘုရား)။

ဒါဖြင့် ခင်ဗျား သီလ, သမာဓိ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါမူ ကား ဝိဇ္ဇာလာပါလိမ့်မယ်ဆိုတော့ စရဏတရားကိုလည်း ခင်ဗျား တို့က စရဏတရား တစ်ဆယ့်ငါးပါးကို ကြားဖူးမယ်. . .။ (မှန်ပါ့)၊ ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါးလို့ ကြားဖူးတယ်. . .။ (မှန်ပါ့)။

## သူတော်ကောင်းရတနာ (၇) ပါး

အဲဒီတော့ ဒီအထဲမှာ သီလက သေသေချာချာ မပါဘူး လား . . .။ (ပါ,ပါတယ်ဘုရား)၊ သမာဓိကကော. . .။ (ပါ,ပါ တယ်ဘုရား)၊ ရူပဈာန်ဆိုတဲ့ဥစ္စာ သမာဓိတွေပဲ. . .။ (မှန်ပါ့)၊ ဒီပြင် သူတော်ကောင်းတရား ခုနစ်ပါးကလည်း ပါသေးတယ်။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ-ဆိုတော့ ဒါတွေ သည် ဝိဇ္ဇာမဂ်ဉာဏ်အစစ်သာ မဖြစ်သေးတာ ဒကာ ဒကာမတို့ ဒီအထဲမှာလည်း ပညာကပါနေတယ်။ စရဏထဲမှာ. . .။(မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ ဘုရား)။

## စရဏပြည့်စုံရင် ပညာရပါတယ်

ဒါဖြင့် စရဏပြည့်စုံခဲ့လို့ရှိရင် ပညာရပါမယ်။ ဒီတော့ စရဏထဲမှာလည်း ပညာက ပါနေသေးတယ်. . .။ (မှန်ပါ့) ရိပ်မိကြ ပလား . . .။ (ရိပ်မိပါပြီ)။

အဲဒီတော့ ဒကာ ဒကာမတို့ ဒီစရဏမပြည့်စုံဘဲနဲ့လည်း ဟောဒီ ဝိဇ္ဇာပညာလည်း မဖြစ်နိုင်ဘူး . . .။ (မှန်ပါ့)၊ ဒီအထဲမှာ သီလလည်း ပြည့်စုံရမယ်၊ သမာဓိကော. . . (ပြည့်စုံရပါမယ်)၊ သူတော်ကောင်းရတနာ ခုနစ်ပါးဆိုတဲ့အထဲမှာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဆိုတော့ စရဏထဲမှာ ပါမနေဘူးလား . . .။ (ပါနေပါတယ်)၊ ပါနေတော့ စရဏပြည့်စုံရင် ဒီက ဝိဇ္ဇာဆိုတာ ရနိုင်တော့တာပါပဲလို့ ဖြေလိုရင်းပဲ။ သဘောကျပလား . . .။ (ကျပါပြီ)။

## စရဏ အရေးကြီးတယ်

ဒါဖြင့် ဒကာ ဒကာမတို့ ဘာအရေးကြီးနေတယ်ဆိုတာ ပေါ်လာပြီ. . .။ (ပေါ်လာပါပြီ)၊ ဘာတုံးဗျာ. . .။ (စရဏပါဘုရား)၊ အဲ. . . သူတော်ကောင်းရတနာခုနစ်ပါး သီလဆောက်တည်. . .။ (မှန်ပါ့)၊ ငါးပါး သီလကို ဘုရားရှေ့ ယူကြပေါ့ဗျာ၊ လူသီလကိုး . . .။ (မှန်ပါ့)၊ ပြီးတော့ သူတော်ကောင်းရတနာဆိုတဲ့ သဒ္ဓါတရား ကလေးကလည်း လုပ်တဲ့အလုပ်အပေါ်မှာ၊ ဘုရားအပေါ်မှာ, တရားအပေါ်မှာ, သံဃာအပေါ်မှာ ယုံကြည်ရမယ်. . .။ (မှန်ပါ့)၊ သူတော်ကောင်းတရား ခုနစ်ပါးကလည်း မပြည့်စုံရပေဘူးလား . . .။ (ပြည့်စုံရပါမယ်)၊ အဲ. . . သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဆိုတဲ့

သူတော်ကောင်းတရားထဲမှာ ပါနေတယ်. . . ။ (မှန်ပါ)။

ပြီးတော့ သမာဓိစခန်းလည်း ပေါက်ရောက်အောင် လုပ်မယ်ဆိုလည်း၊ ရူပဈာန်လောက် ပေါက်ရောက်အောင် လုပ်မယ်ဆိုလည်း ရူပဈာန်ကလည်း လေးပါးရှိတယ်။ ဈာန်ငါးပါးကို စတုက္ကနည်းနဲ့ လေးပါးပြင်လိုက်ရင် လေးပါးဖြစ်တာပဲ. . . ။ (မှန်ပါ)၊ ပေါင်းလိုက်တော့ စရဏက တစ်ဆယ့်ငါးပါး မရှိဘူးလား . . . ။ (ရှိပါတယ်ဘုရား)။

အဲဒီတော့ စရဏ တစ်ဆယ့်ငါးပါး ပြည့်စုံလို့ရှိရင် ဝိဇ္ဇာဟာ ဖြစ်ပေါ်လာနိုင်တယ်. . . ။ (မှန်ပါ)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

## အပျက်နဲ့ မဂ်နဲ့သာ ကိုက်နေပါစေ

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားရှုပ်နေမှာ အင်မတန်စိုးတဲ့အတွက် ဒကာ ဒကာမတို့ သီလလည်း ပြည့်စုံကြပါစေ. . . ။ (မှန်ပါ)၊ ဘုန်းကြီးဟောနေတဲ့တရား ပညာနဲ့လည်း ဉာဏ်ထဲမှာ ဟောတိုင်း ဟောတိုင်း ဩော်. . . ဘယ်ဟာလုပ်ရမယ်၊ ဘယ်ဟာလုပ်ရမယ်. . . စိတ်ဆိုရင်ဖြင့် ဘယ်စိတ်ကို ရှုရမယ်, ဝေဒနာဖြစ်ရင်လည်း ဘယ်ဝေဒနာပေါ်လာရင် ဘယ်လိုရှုမယ် ဆိုတဲ့ အဲဒီပညာလည်း ပြည့်စုံပါစေနော်. . . ။ (မှန်ပါ)၊ ဒီအထဲမှာ အာရုံလာတိုင်း လာတိုင်းလည်း ဝိပဿနာ

အာရုံဘက်မှာ တည်ကြည်ပြီးသကာလ အပျက်နဲ့မဂ်နဲ့ကိုက်အောင်၊ ဝိပဿနာ မဂ်နဲ့ကိုက်အောင် လုပ်နေမယ်ဆိုလို့ရှိရင် စရဏက ပြည့်စုံသွားနိုင်တယ်. . .။ (မှန်ပါ့)၊ ရိပ်မိကြပလား . . .။ (ရိပ်မိပါပြီဘုရား)။

## စရဏ ပြည့်စုံပါတယ်

အပျက်နဲ့ ဝိပဿနာမဂ်နဲ့ ကိုက်အောင်လုပ်နေရင် ဘာတုံး ဒကာ ဒကာမတို့ . . . (စရဏ ပြည့်စုံပါတယ်ဘုရား)၊ အဲ. . . စရဏပြည့်စုံနေလို့ရှိရင်ဖြင့် ပောဒီ ဝိဇ္ဇာပြည့်စုံရပါလို၏လို့ မတောင်းနဲ့တော့၊ သူ့ဟာသူ ကြီးရင့်ပြီး ရသွားမှာပဲ. . .။ (မှန်ပါ့)။

သူ့ဟာသူ ကြီးရင့်ပြီး ဘာတဲ့တုံး . . .။ (ရသွားပါမယ်ဘုရား)။

အင်မတန် ဉာဏ်ပညာ နက်နဲတဲ့ ပုဂ္ဂိုလ်ကြီးမဟုတ်လား . . .။ (မှန်ပါ့)၊ ဒါဖြင့် သူဟောတဲ့ ဝိဇ္ဇာချည်းသက်သက်လည်း မရောက်ဘူး၊ စရဏချည်းသက်သက်လည်း . . . (မရောက်ပါဘုရား)၊ ဝိဇ္ဇာစရဏနှစ်ခုပေါင်းလို့လည်း-(မရပါဘုရား)၊ ဝိဇ္ဇာစရဏနှစ်ခုမှတစ်ပါး တခြားတရားနဲ့လည်း . . . (မရပါဘုရား)၊ အဲ. . . စရဏ ရင့်ကျက်ရင် ဘာဖြစ်ရမတုံး . . .။ (ဝိဇ္ဇာဖြစ်ရပါမယ်)၊ ဒါဖြင့် အလုပ်-လုပ်မှရမယ်ပြောတာ. . .။ (မှန်ပါ့)၊ ရိပ်မိ

ပလား . . . ။ (ရိပ်မိပါပြီဘုရား)။

## စရဏ ရင့်ကျက်ရင် ဝိဇ္ဇာပေါ်မယ်

စရဏရင့်ကျက်ရင် ဝိဇ္ဇာအလိုလိုပေါ်လာမယ်။ စရဏ ရင့်ကျက်ရင် ဝိဇ္ဇာဖြစ်ရုံရှိတော့တာပေါ့. . . ။ (မှန်ပါ့)၊ ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်မုန်းလာမို့ရှိရင်ဖြင့် ဖြစ်ပျက်အဆုံးဆိုတဲ့ မဂ်ဟာ မလာပေဘူးလား . . . ။ (လာပါတယ်ဘုရား)၊ တော်တော်သဘောပါသလား . . . ။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ၁-နဲ့ ၂- ဘယ်ဟာအရေးကြီးသလဲ. . . ။ (၁-အရေးကြီးပါတယ်ဘုရား)၊ ၁-အရေးကြီးတော့ ၂-ကို လာပါစေတော့ဆိုရမှာလား . . . ။ (အချိန်ရောက်ရင်တွေ့မှာပါ ဘုရား)၊ သဘောပါပလား . . . ။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဘယ်ဟာ အရေးကြီးသတုံး . . . ။ (၁-အရေးကြီးပါတယ်ဘုရား)၊ ၁-အရေးကြီးတယ်ဆိုတာ ဒကာ ဒကာမတွေ သဘောကြီးကြီးနဲ့ မှတ်စမ်းပါ. . . ။ (မှန်ပါ့)၊ စရဏပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဟုတ်တိုင်းမှန်စွာ သိပြီးတော့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရလွယ်တယ်။ သဘောကျပလား . . . ။ (ကျပါပြီဘုရား)၊ ရှင်းပြီနော်. . . ။ (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သူ့ချည်းသက်သက်တော့လည်း မရနိုင်ဘူး။ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)၊ စရဏချည့်သက်သက်. . .

(မရနိုင်ပါ ဘုရား)၊ ဝိဇ္ဇာချည့်သက်သက်. . . (မရနိုင်ပါဘုရား)၊ ဝိဇ္ဇာနဲ့ စရဏပေါင်းလို့လည်း . . . (မရနိုင်ပါဘုရား)၊ မရနိုင်ဘူးတဲ့၊ ဝိဇ္ဇာနဲ့စရဏ ကင်း၍ကော. . . (မရနိုင်ပါဘုရား)၊ ဒါဖြင့် စရဏများများ ကြိုးစားတဲ့ပုဂ္ဂိုလ် ဝိဇ္ဇာဖြစ်လိမ့်မယ်လို့ပြောတာ. . . ။ (မှန်ပါ့)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်များများရှုတဲ့ပုဂ္ဂိုလ် မင်္ဂရမှာပဲ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖြစ်ပျက်များများ ရှုနိုင်တဲ့ပုဂ္ဂိုလ်ဟာ မဂ်ရမှာပဲ. . . ။ (မှန်ပါ့)၊ ရှင်းပလား . . . ။ (ရှင်းပါပြီ)။

အဲဒီတော့ ဘုန်းကြီးတို့ဆီကို ထောက်ခံချက်ပေးသလိုပါပဲ ကိုစောမောင် . . . ။ (မှန်ပါ့)၊ ဖြစ်ပျက်များများမြင်တဲ့ ပုဂ္ဂိုလ် စရဏစုံနေပြီ။ မစုံဘူးလား . . . ။ (စုံပါတယ်ဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ ဝိဇ္ဇာလာပါစေတော့၊ မဂ်ရပါစေတော့ ဆိုရမှာလား၊ သူ့ဟာသူ ရင့်ကျက်ပြီးရသွားမှာလား . . . ။ (သူ့ဟာသူ ရင့်ကျက်ပြီး ရသွားမှာပါဘုရား)။

## သရက်သီးသာ သီးပါစေ

သရက်ပင်စိုက် သီးသာသီးပါစေ၊ မှည့်ပါစေတော့လို့ မောင်နိုင် ဆုတောင်းဖို့လိုသေးသလား . . . ။ (မလိုပါဘုရား)၊

သီးအောင် အားထုတ်ရတာတော့ဖြင့် ကိုစောမောင် ထုတ်ရလိမ့်မယ်. . .။ (မှန်ပါ့)၊ မောင်ဘမှိ မထုတ်ရပေဘူးလား . . .။ (ထုတ်ရပါမယ်ဘုရား)၊ ရင့်ပါစေတော့လို့ ဆုတောင်းရဦးမှာလား . . .။ (မတောင်းရပါဘုရား)၊ အမှည့်ကလေးဖြစ်ပါစေလို့. . . (မတောင်းရပါဘူး)၊ သူ့ဟာသူပဲ အချိန်ကျတာဘာတုံး . . . (မှည့်လာမှာပါဘုရား)၊ အဲ. . . ဒီမှာလည်း ခင်ဗျားတို့ ခင်ဗျားတို့ အားသာထုတ်ပါ၊ သေသေချာချာ ရနိုင်ပါလိမ့်မယ်။ မဂ်ရမယ်။ ဒါကို ထောက်ခံချက်ပေးတာပဲ. . .။ (မှန်ပါ့)၊ စတုက္ကနိပါတ် အင်္ဂုတ္တိုရ်မှာလာတယ်။ သဘောကျပလား . . .။ (ကျပါပြီဘုရား)။

## ဝိဇ္ဇာ အလိုလိုဖြစ်ပါတယ်

ဒါဖြင့် ပြန်မေးပါဦးမယ်။ ဝိဇ္ဇာချည့်သက်သက်ရနိုင်ပါ့မလား . . .။ (မရနိုင်ပါဘုရား)၊ စရဏချည့်သက်သက် . . . (မရနိုင်ပါဘုရား)၊ ဝိဇ္ဇာစရဏ နှစ်ခုပေါင်းလို့ကော. . . (မရပါဘုရား)၊ ဝိဇ္ဇာစရဏမှတစ်ပါး တခြားတရားနဲ့ကော. . . (မရပါဘုရား)၊ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်လိုမှရမတုံးဆိုတော့ စရဏရင့်ကျက်ရင် ဝိဇ္ဇာအလိုလိုဖြစ်၏လို့ ရှင်သာရိပုတ္တရာ ဖြေလိုရင်းပဲ. . .။ (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

## ဖြစ်ပျက်ဆုံးရင် နိဗ္ဗာန်တွေ့မှာပဲ

ခင်ဗျားတို့ ဖြစ်ပျက်များများတွေ့၊ အနိစ္စများများတွေ့လို့ရှိရင်ဖြင့် နိဗ္ဗာန်ဟာ တွေ့ရပါလိမ့်မယ်. . . ။ (မှန်ပါ)၊ သဘောကျပလား . . . ။ (ကျပါပြီ)၊ အဲဒါကြောင့် ဒကာ ဒကာမတွေ ဖြစ်ပျက်သာများများတွေ့ပါစေ. . . ။ တော်တော်ကြာ ဖြစ်ပျက်ဆုံးရင်ဖြင့် နိဗ္ဗာန်တွေ့မှာပဲ. . . ။ (မှန်ပါ)။

နိဗ္ဗာန်ဟာ ကိုယ်ကခေါ်ယူတာလား၊ ဖြစ်ပျက်များများတွေ့တဲ့ ပုဂ္ဂိုလ်၏ပစ္စည်းလား . . . ။ (ဖြစ်ပျက်များများတွေ့တဲ့ ပုဂ္ဂိုလ်၏ ပစ္စည်းပါဘုရား)။

ဒါဖြင့် ရှေ့ပိုင်းမှာ အားလုံး ဒကာ ဒကာမတွေ ကျေနပ်ပလား . . . ။ (ကျေနပ်ပါပြီဘုရား)၊ ကဲ. . . ရှေ့ပိုင်းမှာ ကျေနပ်လို့ရှိရင်ဖြင့် ဖြစ်ပျက်ဉာဏ်ကို ရှင်သာရိပုတ္တရာ ထောက်ခံချက်ပေးသည် ဖြစ်လေသောကြောင့် သီလဝိသုဒ္ဓိဖြစ်အောင် သီလကလေးခံယူပြီးသကာလ၊ လောကီ သမာဓိပညာနဲ့ ကြိုးစားလိုက်ကြပြီဆိုမှဖြင့် ဖြစ်ပျက်မြင်လာတယ်. . . ။ (မှန်ပါ)၊ မမြင်ကြဘူးလား . . . ။ (မြင်ပါတယ်ဘုရား)။

## ဖြစ်ပျက်မရှိတဲ့ဘက် ဉာဏ်ကူးသွားတယ်

မြင်လာလို့ရှိရင် ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကိုမြင်ဖို့ရာ မြင်ချင်လှချည်ရဲ့ဆိုလို့ မြင်တာလား၊

ရှုရင်းမတ္တနဲ့ ဖြစ်ပျက်တွေချုပ်ပြီးသကာလ ဖြစ်ပျက်မရှိတဲ့ဘက် ညာဏ်ကူးသွားတာလားဆိုတာ သတိထားလိုက်. . . ။ (မှန်ပါ့)၊ ဘယ်လိုဆိုကြပါ့မယ်. . . ။ (ဖြစ်ပျက်မရှိတဲ့ဘက် ညာဏ်ကူးသွားတာပါဘုရား)၊ ဖြစ်ပျက်ရှုရင်းမတ္တနဲ့ ဖြစ်ပျက်မရှိတဲ့ဘက်ကို ညာဏ်ဟာ ကူးထွက်သွားတယ်. . . ။ (မှန်ပါ့)၊ သဘောပါပလား . . . ။ (ပါ,ပါပြီ)။

## ဆရာဘုန်းကြီးပေးတဲ့နည်းကိုယူ

ဒါဖြင့် ဒကာ ဒကာမတို့ ၁-နံပါတ်ဟာ တော်တော် အရေးကြီးနေပြီ. . . ။ (ကြီးပါတယ်ဘုရား)၊ အဲ. . . ၁-နံပါတ်ဟာ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကို အခု ဆရာဘုန်းကြီး နေ့တိုင်းပေးနေတာဟာ ၁-နံပါတ် ပဲ. . . ။ (မှန်ပါ့)၊ ၂-နံပါတ်က ခင်ဗျားတို့လုပ်ယူရမယ်။ ၁-နံပါတ်က ဆရာဘုန်းကြီးပေးတဲ့ နည်းကိုယူ. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ၁-နံပါတ် မလုပ်ခဲ့လို့ရှိရင် ၂-နံပါတ် ပြည့်စုံလိမ့်မယ်ဆိုတာက သူ့တန်းနဲ့သူ တက်ရတော့ မောင်နိုင်၊ မောင်ဘမှိုတို့ တက်နိုင်ပါ့မလား . . . ။ (မတက်နိုင်ပါဘုရား)။

ဒါဖြင့် ၁-နံပါတ် သက်သက်နဲ့လည်း မရောက်နိုင်သေးဘူး . . . ။ (မှန်ပါ့)၊ ၂-နံပါတ် သက်သက်နဲ့လည်း . . . ။ (မရောက်နိုင်ပါ ဘုရား)၊ ၁-နံပါတ်၊ ၂-နံပါတ် ပေါင်းလို့လည်း

. . . ။ (မရောက် နိုင်သေးပါဘုရား)၊ ၁-နံပါတ်၊ ၂-နံပါတ်တို့မှ တစ်ပါး တခြားသော တရားနဲ့လည်း . . (မရောက်နိုင်သေးပါ ဘုရား)၊ အရေးကြီး တာက ၁-နံပါတ် ရင့်မှ ၂-နံပါတ် အလိုလို ပေါ်မှာကိုး . . . ။ (မှန်ပါ့)၊ အဲဒီတော့ မရောက်ဘူးချည့်ဖြေတာ ကိုစောမောင်တို့ ကိုစံလှတို့က မှားတယ်လို့ ဆိုချင်သေးသလား . . . ။ (မဆိုချင်ပါဘုရား)၊ ၁-နံပါတ်ရင့်လာရင် ၂-နံပါတ် လာပါစေတော့လို့ ဆုတောင်းရမှာလား . . . ။ (မတောင်းရပါ ဘုရား)။

ဒါဖြင့် ၁-ချည့် သက်သက်လည်း မရဘူး၊ ၂-ချည့် သက်သက်ကော. . . (မရပါဘုရား)၊ နှစ်ခုပေါင်းနဲ့ကော. . . (မရပါဘုရား)၊ နှစ်ခုကင်း၍လည်း . . . (မရပါဘုရား)၊ ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ. . . ။ (၁-ရင့်ရင် ၂-အလိုလိုပေါ်ပါမယ်)၊ ၁-ကို အရေးတကြီးလုပ်နေလို့ရှိရင် ၂-အလိုလိုပေါ်လာ မယ်. . . ။ (မှန်ပါ့ ဘုရား)၊ ရှင်းပလား . . . ။ (ရှင်းပါပြီ ဘုရား)။

## ဖြစ်ပျက်ကို ဖြိုင်ဖြိုင်သာ ရှုနေပါ

ကိုယ့်သန္တာန်မှာ ဒကာ ဒကာမတို့ ဖြစ်ပျက်ကလေးတွေကို ဖြိုင်ဖြိုင်သာရှုနေပါတဲ့။ ရှုနေတဲ့ဉာဏ်သည် ဖြစ်ပျက်ကို မြင်ရာ ကနေပြီး မဖြစ်မပျက်တဲ့ဘက်ကို သေသေချာချာ ပြောင်းပါလိမ့် မယ်။ (မှန်ပါ့)၊ သဘောကျပလား . . . ။

(ကျပါပြီ)။

## ဘယ်သူလုပ်လို့မှ မဖြစ်တဲ့တရား

ဖြစ်ပျက်ကို မြင်တဲ့ဉာဏ်သည် ရှုဖန်များလာတော့ ဘယ်ပြောင်းမတုံး . . .။ (မဖြစ်မပျက်တဲ့ဘက်ကို ပြောင်းပါမယ်)၊ မဖြစ်မပျက်တဲ့နေရာဆိုတာ နိဗ္ဗာန်. . .။ (မှန်ပါ့)၊ နိဗ္ဗာန်ဆိုတာ ဘယ်သူလုပ်လို့ ဖြစ်တဲ့တရားတုံး . . .။ (မဟုတ်ပါဘုရား)၊ အဲဒါကြောင့် ဘယ်သူလုပ်လို့မှ မဖြစ်သောကြောင့် ဒကာ ဒကာမတို့ ဘယ်အခါကာလမှ ပျက်သေးရဲ့လား . . .။ (မပျက်ပါဘုရား)၊ သဘောကျပလား . . . (ကျပါပြီ)၊ အိုဘေး, နာဘေး, သေဘေး, မွဲဘေး, ကွဲဘေးတွေ ရှိသေးသလား . . .။ (မရှိပါ ဘုရား)။

## ဆုံးအောင်လိုက်လို့ မဖြစ်မပျက်တွေ့တာ

အဲဒါ ဘယ်ကနေ သွားနေကြမှာတုံးလို့ မေးလို့ရှိရင် ဒကာ ဒကာမတို့ ဖြစ်ပျက်ကို ဆုံးအောင်လိုက်လို့ မဖြစ်မပျက်တာတွေ့တာ. . .။ (မှန်ပါ့)။

ကိုစောမောင် ဘာတဲ့တုံး . . .။ (ဖြစ်ပျက်ဆုံးအောင်လိုက်လို့ မဖြစ်မပျက်တွေ့တာပါဘုရား)။

ဒါဖြင့် စရဏကို ဆုံးအောင်လိုက်တဲ့အတွက် ဝိဇ္ဇာရောက်သွားတာ. . .။ (မှန်ပါ့)၊ ရှင်းပလား . . .။ (ရှင်းပါပြီ

ဘုရား)။

စရဏာဆုံးအောင် ကြိုးစားလိုက်တဲ့အတွက် ဝိဇ္ဇာရသွား တယ်ဆိုတော့ ဩော်. . . တို့ဆရာ ဘုန်းကြီးဟောနေတာ အတော် ကြာပြီ၊ ဘယ်အချက်ကို တို့အပေါ်၌ အရေးအကြီးဆုံး ပေးနေတာတုံးဆိုတဲ့ ဥစ္စာခင်ဗျားတို့ကို ၁-ကို နေ့တိုင်းအရေး တကြီးပေး နေတာ. . .။ (မှန်ပါ့)၊ ၂-ကို ဘယ်သူမှမပေးနိုင်ဘူး။ ဘုရားလည်းမပေးနိုင်ဘူး၊ ရှင်သာရိပုတ္တရာကော. . .။ (မပေးနိုင် ပါဘုရား)၊ ၁-ကို လုပ်ယူလို့ ၁-ရင့်လာရင် ၂-ဟာ သူ့အလိုလို ဖြစ်ပေါ်လာမှာ၊ ဘယ်သူကပေးလို့မှ မရဘူး . . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ)။

## ၂-က အလိုလိုပေါ်လာမှာ

၁-ရင့်လာရင် ဘာတုံး . . .။ (၂-ဟာ သူ့အလိုလို ဖြစ်ပေါ်လာမှာပါဘုရား)။

ဒါဖြင့် ဘုရားကိုယ်တော်တိုင် ရှိနေရင်လည်း ဒီ ၁-ပဲ ပေးမှာပဲ. . .။ (မှန်ပါ့)၊ ရဟန္တာအရှင်မြတ်များက ဟောကြရင် လည်း . . . (၁-ပဲ ဟောမှာပါဘုရား)၊ ၂-ကျတော့ ဘယ်သူမှ မပေးနိုင်ဘူး၊ ကိုယ့်ဟာကိုယ် ၁-ကို လုပ်ယူရင် အလိုလိုပေါ်လာ မှာ. . .။ (မှန်ပါ့)၊ ၁-ရင့်တဲ့ ပုဂ္ဂိုလ် ၂-ပိုင်ဆိုင်လာမယ်. . .။ (မှန်ပါ့)။

★

ဘယ့်နှယ်ဆိုကြမလဲ. . . ။ (၁-ရင့်တဲ့ပုဂ္ဂိုလ် ၂-ပိုင်လာမှာပါဘုရား)၊ ကျေနပ်ပလား . . . ။ (ကျေနပ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဖြစ်ပျက်များများ ရှုနိုင်တဲ့ ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ရောက်လိမ့်မယ်. . . ။ (မှန်ပါ့)။

## စရဏတရား ပြည့်စုံနေပြီ

ကိုစောမောင် ဖြစ်ပျက်များများ ရှုနိုင်တဲ့ ပုဂ္ဂိုလ် နိဗ္ဗာန်ရောက်လိမ့်မယ်ဆိုတာ လွဲသလား . . . ။ (မလွဲပါဘုရား)၊ စရဏနဲ့ ပြည့်စုံနေတယ်. . . ။ (မှန်ပါ့)၊ သီလရှိလို့လည်း သူတွေ့တာကိုး ဗျ၊ သမာဓိရှိလို့ကော. . . (တွေ့တာပါဘုရား)၊ သုတမယပညာနဲ့၊ သူ့ကိုယ်ပိုင်ပညာနဲ့ ကြီးထွားသွားလို့လည်း ဖြစ်ပျက်တွေ့ရတာ၊ သူတော်ကောင်းရတနာက သူ့အထဲမှာ ပါမနေဘူးလား . . . ။ (ပါနေပါတယ်)၊ သူတော်ကောင်းရတနာဆိုတာ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပဆိုတော့ ပညာက ပါမနေဘူး လား . . . ။ (ပါနေပါတယ်ဘုရား)၊ အဲ. . . ဒါကြောင့် စရဏတရားဟာ တစ်ဆယ့်ငါးပါးပြည့်တာကိုး . . . ။ (မှန်ပါ့)။

---

★ ၁-သည် ဝိပဿနာ။ ၂-သည် မဂ်ဖိုလ်ကို ဆိုလိုသည်။ မဂ်ဖိုလ်ကို ရှောဟဲ့-အင့်ဟဲ့-လို့ ပေးလို့မရ။ မဂ်ဖိုလ်ကို ရနိုင်တဲ့ ဝိပဿနာနည်းကိုသာ ပေးလို့ရသည်။ ဝိပဿနာလုပ်ရင် မဂ်ပေါ်လာမည်။

## ဖြစ်ပျက်မြင်ရင် စရဏ ပြည့်စုံတယ်

အဲ. . . သူတော်ကောင်းရတနာ၃ပညာနဲ့ ပြည့်စုံသွားတော့ ဒီအထဲမှာ ဖြစ်ပျက်ရှုတဲ့ ပုဂ္ဂိုလ်မှာ သီလလုံခြုံလို့လည်းတွေ့တယ်၊ ဆရာပေးတဲ့ ပညာနဲ့ ကိုက်ကြည့်လို့လည်း၊ ပညာနဲ့လည်း ဖြစ်ပျက်တွေ့ရတယ်။ မဆိုနိုင်ဘူးလား . . . ။ (ဆိုနိုင်ပါတယ်ဘုရား)၊ သမာဓိရှိလို့လည်း မြင်တယ်ဆိုတော့ စရဏကပြည့်စုံမနေဘူးလား . . . ။ (ပြည့်စုံပါတယ် ဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ် ဘာပြည့်စုံသလဲ. . . ။ (စရဏ ပြည့်စုံပါတယ်ဘုရား)၊ အဲဒီပုဂ္ဂိုလ်သည် မဂ်ရ,ရပါလို၏၊ နိဗ္ဗာန် ရ,ရပါလို၏လို့ ဆုတောင်းရမှာလား . . . ။ (မတောင်းရပါဘုရား)၊ သူရင့်ကျက်ရင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်, နိဗ္ဗာန်ကိုယ်တိုင်ရတာချည့်ပဲမှတ်. . . ။ (မှန်ပါ)၊ ဆုတောင်းမနေပါနဲ့တော့၊ ဖြစ်ပျက်သာ ဖြိုင်ဖြိုင်ရှုပေးဆိုတဲ့ အဓိပ္ပာယ်ကိုရှင်သာရိပုတ္တရာက ထောက်ခံချက်ပေးလိုက်သည်. . . ။ (မှန်ပါဘုရား)၊ ကျေနပ်ပလား . . . ။ (ကျေနပ်ပါပြီ ဘုရား)၊ ဒါမလုပ်တဲ့ပုဂ္ဂိုလ်ဖြင့်. . (မရပါဘုရား)။

## စရဏက ခြေထောက်၊ ဝိဇ္ဇာက နှာသီး

ဒါကြောင့် စရဏက ခြေထောက်နဲ့ တူတယ်လို့ အဋ္ဌကထာများမှာ ဆိုတယ်။ အရင်ပြောခဲ့တာက ပါဠိတော်လာတဲ့

အဓိပ္ပာယ်. . . ။ (မှန်ပါ့)၊ အဋ္ဌကထာများမှာတော့ စရဏက ခြေထောက်နဲ့တူတယ်၊ ဝိဇ္ဇာက နှုတ်သီးနဲ့တူတယ်။ ခြေမပါဘဲနဲ့ နှုတ်သီးချည့်ရှိနေရင် ဘယ်သစ်သီးကိုသွားပြီးကိုက်မတုံး ဗျ. . . ။ (မရပါဘုရား)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

ဒါဖြင့် ခြေထောက်နဲ့ နှုတ်သီး ဘယ်ဟာက အရေးကြီးသတုံး . . . ။ (ခြေထောက်က အရေးကြီးပါတယ်ဘုရား)၊ နှုတ်သီးက တော့ တွေ့တဲ့နေရာမှာ ထိုးဆိတ်ပြီး စားရသောက်ရမှာ၊ ခြေထောက်မပါရင်တော့ စားစရာရှိတဲ့ဆီကို သွားလို့ရသေးရဲ့ လား . . . ။ (မရပါ ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်များများရှုတဲ့ ဝိပဿနာ ဉာဏ်ပြည့်စုံရင် မဂ်ဉာဏ်ရပါလိမ့်မယ်လို့ မှတ်ပေတော့. . . ။ (မှန်ပါ့)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

## ဆုတောင်းနေရမှာလား

ဖြစ်ပျက်များများရှုနေမယ်၊ ဝိပဿနာလည်း ဆိုချင်ဆို၊ စရဏလို့လည်း ဆိုချင်ဆို၊ ဤစရဏ ပြည့်စုံလို့ရှိရင် ဝိဇ္ဇာ မဂ် ဉာဏ်ကို. . . (ရမှာပါဘုရား)၊ ဆုတောင်းနေရမှာလား၊ မတောင်းရ ဘူးလား . . . ။ (တောင်းစရာတောင် မလိုပါဘုရား)၊ ဘယ့်နှယ်ကြောင့် မတောင်းရသတုံး . . . ။ (စရဏ သူ့ဟာသူ ရင့်လာတဲ့အတွက် ဝိဇ္ဇာကို သူ့ဟာသူ ဥပနိဿယသတ္တိနဲ့ ပို့သွား

တယ်. . . ။ (မှန်ပါ့)၊ ရိပ်မိပလား . . . ။ (ရိပ်မိပါပြီဘုရား)။

## သူ့ဟာသူ ပို့သွားတယ်

စရဏာရင့်သွားတဲ့အတွက်. . . (သူ့ဟာသူ ပို့သွားပါတယ်)၊ ဥပနိဿယပစ္စယောကို မရကြဘူးလား . . . ။ (ရပါတယ်ဘုရား)၊ အဲ. . . စရဏာဥပနိဿယသတ္တိနဲ့ ဝိဇ္ဇာကို ပို့လိုက်တယ်၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

ကဲ. . . ကိုစောမောင် ဒါဖြင့် ခင်ဗျားတို့က အလုပ်တော့ မလုပ်ကြဘူး၊ မဂ်ဖိုလ် ရ,ရပါလို၏လို့ ဆုတောင်းရုံ တောင်းနေတဲ့ ပုဂ္ဂိုလ်တွေနဲ့ တော့ ကွာနေပြီ. . . (မှန်ပါ့)၊ စရဏာပြည့်စုံမှ ဘာဖြစ်မတုံး . . . (ဝိဇ္ဇာဖြစ်မှာပါဘုရား)၊ ဝိဇ္ဇာဖြစ်မယ်ဆိုတာ ကောင်းကောင်းမကျေနပ်သေးဘူးလား . . . ။ (ကျေနပ်ပါတယ်)၊ ခုနင်က အမေးတွေက မရှင်းသေးဘူးလား . . . ။ (ရှင်းပါတယ် ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ကြိုးစားလုပ်ပါဆိုတာဖြင့် နိဂုံးချုပ်ပေးလိုက်တယ်. . . ။ (မှန်ပါ့)၊ ဖြစ်ပျက်မြင်တာသည် စရဏာပြည့်စုံတာ. . . ။ (မှန်ပါ့)။ ဖြစ်ပျက်ဆုံးသွားလို့ရှိရင်ဖြင့် ဝိဇ္ဇာနဲ့တကွပြည့်စုံတယ်. . . ။ (မှန်ပါ့)၊ မဆိုနိုင်ဘူးလား . . . ။ (ဆိုနိုင်ပါတယ်)။

## စရဏာရင့်ဖို့ပဲ အရေးကြီးတယ်

ဒါကြောင့် စရဏချည့်သက်သက်လည်း မရောက်နိုင်၊ ကိုစောမောင်. . .။ (မှန်ပါ့)၊ ဝိဇ္ဇာချည့်သက်သက်လည်း . . . (မရောက်နိုင်ပါဘုရား)၊ ဝိဇ္ဇာစရဏ နှစ်ခုရောလို့လည်း . . . (မရောက်နိုင်ပါဘုရား)၊ ဝိဇ္ဇာစရဏ ကင်း၍လည်း . . . (မရောက်နိုင်ပါဘုရား)၊ ဒါဖြင့် စရဏများများရင့်ဖို့ပဲ အရေးကြီးတယ်. . .။ (မှန်ပါ့)၊ စရဏများများရင့်ရင် ဝိဇ္ဇာဖြစ်တာပဲ. . .။ (မှန်ပါ့)၊ ပေါ်ကြပလား . . .။ (ပေါ်ပါပြီဘုရား)၊ တယ်လည်း အားရှိစရာကောင်းပါလား . . .။ (ကောင်းပါတယ်ဘုရား)၊ သဘောပါကြပလား . . .။ (ပါ,ပါပြီ ဘုရား)။

## အနိစ္စများများ မြင်အောင်သာရှု

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်များများမြင်တဲ့ ပုဂ္ဂိုလ် အနိစ္စများများ မြင်အောင်သာရှု။ ဘုန်းကြီးပေးတဲ့နည်းအတိုင်း စိတ်ကြိုက်ရင် စိတ်ရှုလေ၊ ဝေဒနာကြိုက်ရင် . . . (ဝေဒနာရှုရပါမယ်)၊ ရုပ်ကြိုက်ရင် . . . (ရုပ်ရှုရပါမယ်)၊ ဒုက္ခသစ္စာကြိုက်ရင်. . . (ဒုက္ခသစ္စာ ရှုရပါမယ်ဘုရား)၊ ဖြစ်ပျက်ကလေးတွေဟာ ဒုက္ခသစ္စာပဲလို့သာ ဉာဏ်နဲ့တည့်ပေးနေပါ။ ဖြစ်ပျက်တိုင်းပျက်တိုင်းသာ တည့်ပေးနေရမယ်ဆိုလို့ရှိရင် စရဏတွေ မပြည့်စုံသေးဘူးလား . . .။ (ပြည့်စုံပါတယ်ဘုရား)၊ သူရင့်လာရင်

ဘာဖြစ်မတုံး . . ။ (ဝိဇ္ဇာဖြစ် ပါ့မယ်)၊ ဝိဇ္ဇာဆိုတာ မဂ်မဟုတ်လား . . . ။ (မှန်ပါ့)၊ မဂ်ဟာ တောင့်တယူရတာလား၊ စရဏာရင့်လို့ ပေါ်တာလား . . . ။ (စရဏာရင့်လို့ ပေါ်တာပါဘုရား)။

ဒါဖြင့် သရက်ပင်စိုက်ရတာဟာ အရေးကြီးပါတယ်။ သရက်ပင်စိုက်ပြီး သရက်သီး သီးလာတာကို ခင်ဗျားတို့ မှည့်ပါစေတော့ဆိုတာတော့ ဆုမတောင်းရပါဘူး . . . (မှန်ပါ့)၊ လေနဲ့၊ ရေနဲ့၊ မြေနဲ့၊ နေနဲ့ ပေါင်းဆုံရင် သူ့ဟာသူ ရင့်လာတာပဲဆိုတာ သဘောကျပလား . . . ။ (ကျပါပြီဘုရား)၊ ဒီမှာလည်း စရဏာ အားထုတ်ပါများရင် ဘာဖြစ်မယ်ထင်သတုံး . . . ။ (ရင့်လာပါတယ်ဘုရား)၊ ဝိဇ္ဇာဆိုတာ မပေါ်ပေဘူးလား . . . ။ (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့သည် နေ့တိုင်း ထိုင်ကြရှုကြတာတွေသည် ဘာလုပ်နေတာတုံးဆိုတော့ စရဏာလုပ်နေတာပဲ. . . ။ (မှန်ပါ့)၊ အဲဒါ ခင်ဗျားတို့က ဘုရားရှေ့သွားပြီး ဝိဇ္ဇာစရဏာ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ စသည်ဖြင့် ရှိခိုးရုံလောက်လုပ်နေကြတော့ ကိုယ်မှာ ဝိဇ္ဇာစရဏာရောက်အောင် လုပ်ချင်ကြတာ မဟုတ်ဘူး။ ဝိဇ္ဇာစရဏာနဲ့ ပြည့်စုံတော်မူတဲ့ ကိုယ်တော်မြတ်ကြီးကို ချီးကျူးရုံလောက်ပဲ လုပ်နေကြတယ်. . . ။ (မှန်ပါ့)။

## ဗုဒ္ဓါနုဿတိနဲ့ ကျေနပ်မနေနဲ့

ချီးကျူးတယ်ဆိုတာ လောကီအသုံးအနှုန်းပြောတာ၊ လောကုတ္တရာ သာသနာ့ဝေါဟာရနဲ့ပြောတော့ ဂုဏ်တော်ကြည်ညိုနေတာ၊ ဗုဒ္ဓါနုဿတိ သွားဖြစ်တယ် . . .။ (မှန်ပါ့)၊ ဗုဒ္ဓါနုဿတိဖြစ်နေတော့ ဗုဒ္ဓါနုဿတိနဲ့သာ တင်းတိမ်ကျေနပ်နေရင်တော့ သုဂတိတော့ရောက်မှာပဲ ဒကာ ဒကာမတို့ နိဗ္ဗာန်တော့ မရောက်သေးဘူး . . .။ ● (မှန်ပါ့)၊ ရှင်းပလား . . .။ (ရှင်းပါပြီ)၊ ကိုယ်ကိုယ်တိုင် စရဏဖြစ်လို့ရှိရင် ကိုယ်ကိုယ်တိုင် သောတာပန်, သကဒါဂါမ်, အနာဂါမ်ရဟန္တာဖြစ်မယ် . . .။ (မှန်ပါ့)၊ သံသရာ စခန်းသတ်မယ်။ ရှင်းပလား . . .။ (ရှင်းပါပြီ)။

အဲဒီတော့ ဘုရားကိုလည်း ရှိခိုးပါ၊ သီလကလေး ဘာကလေး ဆောက်တည်ပြီးသကာလ ပညာနဲ့ ကိုယ့်ခန္ဓာကိုယ်ကြည့်ပြီးတော့ စရဏဖြစ်အောင်လုပ်ပါလို့ တိုက်တွန်းရပြန်တယ် . . .။ (မှန်ပါ့)၊ စရဏလုပ်ဖို့ တိုက်တွန်းရင် ဝိဇ္ဇာ ဘာဖြစ်လာသတုံး . . .။ (ပေါ်လာပါတယ်)၊ စရဏဆိုတာ ဖြစ်ပျက်မြင်ရင် စရဏဆိုကတည်းက သိရောပေါ့ဗျာ . . .။ (မှန်ပါ့)၊ သဘောကျပလား . . .။ (ကျပါပြီ)။

---

● ဗုဒ္ဓါနုဿတိအာရုံပြုမှုသည် အလွန်ကြီးမားသည့် သမထကုသိုလ်မျိုးဖြစ်၏။ သုဂတိရောက်ဖို့ သေချာလှ၏။ နိဗ္ဗာန်မင်္ဂဖိုလ်သွားလိုရာ၌ ဗုဒ္ဓါနုဿတိပီတိကိုခွာပြီး ဝိပဿနာတင်ရသည်။ သို့မှသာ ဝိပဿနာလမ်းသို့ ရောက်၏။

## ဖြစ်ပျက်အမြင်များဖို့လိုတယ်

အဲဒီတော့ ဝိဇ္ဇာဥဒပါဒိ ဖြစ်ဖို့ရာသည် ဒကာ ဒကာမတို့ ဘာရင့်မှဖြစ်မှာတုံး . . . ။ (စရဏာရင့်မှ ဖြစ်ပါမယ်)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဖြစ်ပျက်အမြင်များဖို့ရာ အတော် အရေးကြီးတယ် . . . ။ (မှန်ပါ့)၊ မကြီးဘူးလား . . . ။ (ကြီးပါ တယ်ဘုရား)၊ ဝိဇ္ဇာစစ်ပလားဆိုတော့ ဝိဇ္ဇာဆိုတဲ့ မဂ်တော့ မစစ် သေးဘူး၊ သူတော်ကောင်း ရတနာထဲကပါတဲ့ လောကီ ပညာပဲ ရှိသေးတယ်လို့ မဆိုထိုက်ဘူးလား . . . ။ (ဆိုထိုက်ပါတယ် ဘုရား)၊ တကယ့်ဝိဇ္ဇာကတော့ဖြင့် ဒကာ ဒကာမတို့ အဝိဇ္ဇာချုပ် အောင်လုပ်တာကိုးဗျ။ အခု ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ကတော့ ရှုတုန်းသာ အဝိဇ္ဇာချုပ်တာကိုးဗျ၊ မရှုတဲ့အချိန် သူပြန် ရောက် နေတာပဲဆိုတာ သဘောကျပလား . . . ။ (ကျပါပြီ)၊ တစ်နည်း အားဖြင့် အနုသယသဘောနဲ့ ကိန်းအောင်းနေတယ် ဆိုရင် ကောလွဲသလား . . . ။ (မလွဲပါဘုရား)၊ ကျေနပ်ပလား . . . ။ (ကျေနပ်ပါပြီ)။

ဒါဖြင့် ဒီနေ့ညရှေ့ပိုင်းက ဘာလုပ်စေချင်လို့ ရှင်ဥပဝါဏ နဲ့ ရှင်သာရိပုတ္တရာ အမေးအဖြေကို ဒါလောက် နာရီ ၃၀ လောက်ထည့်ပြီးပြောနေတာလည်းဆိုတာ ခင်ဗျားတို့ သဘော ပါကြပလား . . . ။ (ပါ,ပါပြီ)၊ ဘယ်လိုများ ပါ,ပါလိမ့် . . . ။ (စရဏာကျင့်ရပါမယ် ဘုရား)၊ စရဏာကို အရေးတကြီး လုပ်ပါစေ

တော့ဆိုတဲ့ စိတ်ထားပြင်းပြပြီး ဒီဝတ္ထုတွေကို ထုတ်လာတယ်. . . ။ (မှန်ပါ့)။

ဒါဖြင့် ဘုရားရှေ့သွားပြီးတော့ ဆုတောင်းရုံကလေးလုပ်နေလို့တော့ တော်တော်နဲ့ ရမှာမဟုတ်သေးဘူး . . . ။ (မှန်ပါ့)၊ ဘုရားညွှန်ပြတဲ့အတိုင်း ကိုယ့်ဟာကိုယ် လုပ်ယူရင်တော့ မြန်မြန်ရမယ်. . . ။ (မှန်ပါ့)၊ ကိုယ့်ဟာကိုယ် သီလ, သမာဓိ ဝိပဿနာပညာခေါ်တဲ့ လောကီပညာနဲ့ ပြည့်စုံရင် ဝိဇ္ဇာဆိုတဲ့ လောကုတ္တရာပညာဟာ ဘယ့်နှယ်နေမတုံး . . . ။ (ရပါမယ်ဘုရား)၊ သေချာပလား . . . ။ (သေချာပါပြီ ဘုရား)။

## စာအုပ်ကြည့်နေရုံနဲ့ မရသေးဘူး

ဒါဖြင့် စာအုပ်ကြည့်နေရုံနဲ့လည်း မရသေးဘူး၊ နည်းပဲရမယ်။ အလုပ်မလုပ်သေးရင်ဖြင့် . . . (မရပါဘုရား)၊ သဘောကျပလား . . . ။ (ကျပါပြီ)၊ ဘုရားရှိခိုးနေရုံနဲ့ ကိစ္စမပြီးသေးဘူး။ ကိုယ့်ဟာကိုယ် အလုပ်လုပ်လို့ ဖြစ်ပျက်ကလေး မြင်ရင်ဖြင့် စရဏရပြီ. . . ။ (မှန်ပါ့)၊ ဖြစ်ပျက်ကလေးဆုံးသွားရင် ဝိဇ္ဇာရပြီ. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

ဖြစ်ပျက်မြင်ရင် . . . (စရဏရပါပြီ)၊ ဖြစ်ပျက်ဆုံးသွားရင် . . . (ဝိဇ္ဇာရပါပြီ)၊ အဲ. . . အလုပ်ပေါ်မှာ မှီတယ်ဆိုတာဖြင့် ဘာငြင်း စရာလိုသေးသတုံး . . . ။ (မလိုပါဘုရား)၊ ရှင်းပလား

. . . ။ (ရှင်းပါပြီ ဘုရား)။

## ကြပ်ကြပ်ကြိုးစားပါ

ကဲ. . . ကိုစံလှ ဘယ့်နှယ်လုပ်မတုံး၊ ဒီကရှေ့ကို. . . (စရဏလုပ်ရပါမယ်ဘုရား)၊ စရဏကိုများများကြိုးစားပါ။ သီလ, သမာဓိ, ပညာကို ကြပ်ကြပ်ကြိုးစားပါ. . . ။ (မှန်ပါ့)၊ သီလ, သမာဓိ, ပညာကြပ်ကြပ်ကြိုးစားတော့ ဒီက လောကီဝိဇ္ဇာ၊ ဟောဒီမှာ လောကုတ္တရာဝိဇ္ဇာ ပေါ်လာလိမ့်မယ် ကိုစောမောင် . . . (မှန်ပါ့)၊ မပေါ်ပေဘူးလား . . . ။ (ပေါ်ပါတယ် ဘုရား)၊ ၁-နံပါတ်ပြည့်စုံရင်. . . (၂-နံပါတ် ပေါ်လာမှာပါဘုရား)။ အဲဒါကြောင့် ၁-ချည့်သက်သက်လည်း မရောက်သေးဘူး။ စားစရာဆီကို ခြေထောက်မပါဘဲနဲ့ သွားစားလို့မရဘူး . . . ။ (မှန်ပါ့)၊ ၂-ချည့် သက်သက်ကော. . . (မရနိုင်သေးပါဘုရား)၊ ၂-ချည့်သက်သက်ကလည်း မရောက်နိုင်သေးဘူးတဲ့ ဒကာ ဒကာမတို့ ကိလေသာဖြတ်တော့ သူက တဒင်္ဂ, သူက သမုစ္ဆေဒ ဖြတ်ရတာကိုး . . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)၊ ၁-နဲ့ ၂-နဲ့ ပေါင်းလို့ ကော. . . (မရပါဘုရား)၊ ၁-နဲ့ ၂-မှတစ်ပါး တခြားတရားနဲ့ကော. . . (မရပါ ဘုရား)။

ဒါဖြင့် အရေးအကြီးဆုံးဟာဖြင့် ၁-ရင့်မှုကို ရှင်သာရိပုတ္တရာ ဟောတာပဲ. . . ။ (မှန်ပါ့)။

ဘာပါလိမ့်. . . ။ (၁-ရင့်ဖို့ ဟောတာပါဘုရား)၊ ၁-မရင့် ရင်ဘယ်တော့မှ ၂-မလာဘူး . . . ။ (မှန်ပါ့)၊ သဘောကျ ပလား. . . ။ (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ၁-ရင့်ရင် ၂-လာပါစေတော့လို့ ဆုတောင်းရသေးသလား . . . ။ (မတောင်းရပါဘုရား)၊ ကျေနပ် ပလား . . . ။ (ကျေနပ်ပါပြီဘုရား)။

## ဝိဇ္ဇာရင့်မှ စရဏဖြစ်မှာ

အဲဒါကြောင့် ဒကာ ဒကာမတို့ ဝိဇ္ဇာချည့်သက်သက် လည်း နိဗ္ဗာန်မရောက်နိုင်ဘူး။ စရဏချည့်သက်သက်လည်း . . . (နိဗ္ဗာန် မရောက်နိုင်ပါဘုရား)၊ ဝိဇ္ဇာစရဏနှစ်ခု ဖြုန်းခနဲ လည်း ပေါင်းနိုင်တာမျိုးဟုတ်ကဲ့လား . . . ။ (မဟုတ်ပါဘုရား)၊ ဘယ်ဟုတ်လိမ့်မတုံးဗျ၊ စရဏရင့်မှ ဝိဇ္ဇာဖြစ်မှာ. . . ။ (မှန်ပါ့)၊ တစ်ခါပေါင်းပြီး သူတို့နဲ့ရောက်တယ်လို့ ပြောလို့ကော တော်ပါ့ မလား . . . (မတော်ပါဘုရား)၊ စရဏရင့်မှ ဝိဇ္ဇာဖြစ်မှာ၊ ရောပြီး မပေါင်းနဲ့. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . (ကျပါပြီ)။

စရဏရင့်မှ. . . (ဝိဇ္ဇာဖြစ်မှာပါဘုရား)၊ အဲဒီတော့ ပေါင်းပေးတဲ့ ပုဂ္ဂိုလ်က ရောပြီးမေးတာကိုးဗျ. . . ။ (မှန်ပါ့)၊ အဲဒီ အမေးကိုကော ရတယ်-မရတယ်လို့ ဘယ့်နှယ်ဖြေကြမလဲ. . . ။ (မရပါ ဘုရား)။

ဒါဖြင့် သူတို့နှစ်ပါးမှ ကင်းတဲ့ တရားနဲ့ကော. . . (မရနိုင်ပါဘုရား)၊ ဘယ်မှာကင်းလို့ ရနိုင်မလဲ၊ ကင်းလို့ရတယ်ဆိုရင် ပုထုဇဉ်တွေ နိဗ္ဗာန်ရောက်ကုန်မှာပေါ့တဲ့. . .။ (မှန်ပါ့)။

## ဝိဇ္ဇာကို စရဏက ပို့ပါတယ်

အဲဒီတော့ ရှင်သာရိပုတ္တရာ၏ စိတ်ထားထက်မြက်ပုံ သိပလား . . .။ (သိပါပြီ)၊ သူ ဘာအရေးတကြီး ပြောသတုံး . . .။ (စရဏ အရေးတကြီး ပြောပါတယ်ဘုရား)၊ စရဏသာ ရင့်သန်ပါစေတဲ့၊ ဝိဇ္ဇာကို သူကပို့ပါတယ်လို့ မပြောဘူးလား . . .။ (ပြောပါတယ်ဘုရား)၊ ရှင်းပလား . . .။ (ရှင်းပါပြီ ဘုရား)။

ဒကာ ဒကာမတို့ စရဏသမ္ပန္နော ယထာဘူတံ ပဇာနာတိ ကိုးဗျ။ ဒုက္ခသ အန္တံကရောဟောတိတဲ့။ စရဏနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုရင် ယထာဘူတဉာဏ်ရတယ်။ ရရင် မဂ်ဉာဏ်က ရ, ရတော့မယ်. . .။ (မှန်ပါ့)၊ မရပေဘူးလား . . .။ (ရမှာပါဘုရား)၊ ယထာဘူတဉာဏ်ရရင် နိဗ္ဗိန္ဒဉာဏ်ရမယ်။ နိဗ္ဗိန္ဒဉာဏ်ရရင်. . . (မဂ်ဉာဏ်လည်း ရမှာပါဘုရား)၊ မဂ်ဉာဏ် ရနိုင်တော့မယ်ဆိုတော့ မောင်နိုင်၊ မောင်ဘမှိုတို့ ဘာအရေးကြီး သတုံး . . .။ (စရဏနဲ့ပြည့်စုံဖို့ အရေးကြီးပါတယ်ဘုရား)၊ အဲ. . . စရဏကလည်း ဒကာ ဒကာမတို့ ခင်ဗျားတို့ ဖြစ်ပျက် မြင်တာဟာ ဘာခေါ်ကြမလဲ. . .။ (စရဏပါဘုရား)၊ ခြေထောက်

တပ် ပြီးပြီဆိုတာ သေချာပလား . . . ။ (သေချာပါပြီဘုရား)။

ခြေရှိတဲ့ ပုဂ္ဂိုလ်သွားနိုင်ပြီ။ သို့သော် ဟိုကျတော့ မစား တတ် မသောက်တတ်ဖြစ်နေတော့ ဒကာ ဒကာမတို့ ခေါင်း ကလေးတပ်ပါဦး . . . ။ (မှန်ပါ့ဘုရား)၊ စရဏာရင့်ရင် ခေါင်းပေါ် လာလိမ့်မယ်. . . ။ (မှန်ပါ့)၊ စရဏာမရင့်ရင်. . . ။ (ခေါင်းမပေါ် သေးပါဘုရား)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

## ဒါက လူလိမ္မာအလုပ်

ဒါဖြင့် ဒီဥစ္စာ ကျေနပ်ကြပလား . . . ။ (ကျေနပ်ပါပြီ ဘုရား)၊ ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတို့ ဒါ လူလိမ္မာအလုပ် တွေဆိုတာ ပေါ်ပလား . . . ။ (ပေါ်ပါပြီဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာ ဒကာမတို့မနေ့က ဗာလ ပဏ္ဍိတ သုတ်မှာ ဝိဇ္ဇာနဲ့ သူနဲ့ဖြတ်လိုက်လို့ရှိရင် လူလိမ္မာနဲ့ လူမိုက်လည်း ကိုစောမောင် မကွဲပေဘူးလား . . . ။ (ကွဲပါတယ်ဘုရား)။

## လူမိုက်ဘယ်က စသတုံး

ကဲ. . . ဒါဖြင့် လူမိုက်ဘယ်က စသတုံး . . . ။ (အဝိဇ္ဇာ က စပါတယ်)၊ အဝိဇ္ဇာပစ္စယာ. . . (သင်္ခါရပါ)၊ မသိလို့ ကုသိုလ် သင်္ခါရပြုတယ်၊ ကုသိုလ်ပြုပြီး ဘုံဘဝဆုတောင်းတယ်၊ ဘုံဘဝ ဆုတောင်းလို့ ဇာတိချောက်ထဲကျတယ်။ သင်္ခါရပစ္စယာ ဝိညာဏံ

မရဘူးလား . . . ။ (ရပါတယ်)၊ ဝိညာဏ်ရှိရင် နာမ်ရုပ်လာရမယ် ကိုစောမောင် . . . ။ (လာမှာပါဘုရား)၊ နာမ်ရုပ်လာလို့ရှိရင်ဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတွေပေါ်မှာပဲ သဠာယတနတွေလာမယ်။ သဠာယတနခြောက်ပါး မလာပေဘူးလား . . . ။ (လာပါ တယ်ဘုရား)။

သဠာယတနလာရင် . . . (ဖဿလာပါတယ်)၊ ဖဿလာလို့ရှိရင် . . . (ဝေဒနာလာပါတယ်)၊ ဝေဒနာလာလို့ရှိရင် . . . (တဏှာလာပါတယ်ဘုရား)၊ တဏှာလာရင် . . . (ဥပါဒါန်လာပါမယ်)၊ ဥပါဒါန်စွဲလမ်းမှုလာပြီနော် . . . ။ (မှန်ပါ့)၊ ဥပါဒါနပစ္စယာ . . . (ကမ္မဘဝပါ)၊ ကမ္မဘဝပစ္စယာ . . . (ဇာတိပါ ဘုရား)၊ အဲ . . . နောက် ဇာတိပြန်ရတယ်၊ မရဘူးလား . . . ။ (ရပါတယ်)၊ ဒါက အနာဂတ်ဘဝကို: . . . (မှန်ပါ့)၊ ဇာတိပစ္စယာ . . . (ဇရာမရဏပါဘုရား)၊ ဒါ ဘယ်သူ၏ ပဋိစ္စသမုပ္ပာဒ်တုံး . . . ။ (လူမိုက်၏ ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)။

## လူမိုက်မှာ ဝိဇ္ဇာစရဏ မပါဘူး

လူမိုက်၏ ပဋိစ္စသမုပ္ပာဒ် ဘာလိုနေသတုံးဆိုတော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်း ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ တဏှာကြားမှာ သူ့မှာ ဝိဇ္ဇာနဲ့စရဏ မပါဘူး . . . ။ (မပါ,ပါဘုရား)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

ဘာမပါတာပါလိမ့်. . . ။ (ဝိဇ္ဇာနဲ့ စရဏ မပါ,ပါဘုရား)၊ ဝိဇ္ဇာနဲ့ စရဏ မပါဘူးဆိုတော့ တိုတိုပြောကြပါစို့ဆိုတော့ သူ့မှာ ဝိဇ္ဇာအသာထားဦး၊ စရဏကိုမပါဘူး. . . ။ (မှန်ပါ့)၊ စရဏ မပါတဲ့ အတွက် ဝိဇ္ဇာကို သူရလိုက်သေးရဲ့လား . . . ။ (မရလိုက်ပါဘုရား)၊ မရလိုက်တော့ ဒကာ ဒကာမတို့ လူမိုက်သည် နောက်ပဋိသန္ဓေရတယ်. . . ။ (မှန်ပါ့)၊ အဲ. . . ဗာလပဏ္ဍိတမှာ ပေါ်ပလား . . . ။ (ပေါ်ပါပြီ)။

ဒါဖြင့် လူမိုက်ဆိုတာ အားလုံး ဒကာ ဒကာမတွေ သူများကို ဓားနဲ့လိုက်ခုတ်၊ သူများကို သေနတ်နဲ့လိုက်ပစ်နေတာ လူမိုက် မဟုတ်သေးဘူး။ နောက် ပဋိသန္ဓေ တောင်းတလုပ်တဲ့ ပုဂ္ဂိုလ်များ . . . (လူမိုက်ပါဘုရား)၊ ပေါ်ပလား . . . ။ (ပေါ်ပါပြီဘုရား)။

နောက်ပဋိသန္ဓေတောင်းတတဲ့ ပုဂ္ဂိုလ်များ လူမိုက်ဆိုတာ ဘယ့်နှယ်ကြောင့် တောင်းတပါလိမ့်မတုံးလို့ အမေးထုတ်ရင်၊ ကိုစောမောင် ဘာလိုနေသတုံး . . . ။ (စရဏလိုနေပါတယ်ဘုရား)၊ ဝေဒနာနဲ့ တဏှာကြားမှာ စရဏမသွင်းလို့ သူလူမိုက်ဖြစ်တာ. . . ။ (မှန်ပါ့)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

## ဘယ့်နှယ်ကြောင့် လူမိုက်ဖြစ်ရပါလိမ့်

ဘယ့်နှယ်ကြောင့် လူမိုက်ဖြစ်ရပါလိမ့်. . . ။ (ဝေဒနာနဲ့ တဏှာကြားမှာ စရဏ မသွင်းလို့ပါဘုရား)၊ စရဏမသွင်းဘူးဆို တာ ဥပမာ၊ ဝေဒနာကို ဖြစ်ပျက်ရှုတယ်ဆိုတော့ စရဏမသွင်း ဘူးလား . . . ။ (သွင်းပါတယ်)၊ ဒီဘက်က ဝိညာဏ်တွေ ဖြစ်ပျက် ရှုရင်ကော. . . ။ (ကိုက်ပါတယ်ဘုရား)၊ နာမ်ရုပ်ကို နာမ်ကိုရှုချင် ရှု၊ ရုပ်ကို ရှုချင်ရှုကော မရဘူးလား . . . ။ (ရပါတယ်ဘုရား)၊ ဖဿခြောက်မျိုးရှုချင်ရှုဗျာ. . . ။ (ရပါတယ်ဘုရား)၊ ဒါဖြင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ- ဒီခြောက်ခု တစ်ခုခုကို သူဖြစ်ပျက်မရှုနိုင်တဲ့အတွက်သူ့မှာ စရဏကင်းနေ တယ်. . . ။ (မှန်ပါ)၊ စရဏကင်းတဲ့အတွက် တဏှာ၊ ဥပါဒါန်ကံ အနာဂတ်ဘဝ အကြောင်းတွေ မလာဘူးလား . . . ။ (လာပါ တယ်ဘုရား)၊ အဲဒါကြောင့် အနာဂတ်အကျိုးဖြစ်တဲ့ ဝိညာဏ် နာမ်ရုပ်တွေ ဘယ့်နှယ်နေသတုံး . . . ။ (ရပါတယ်ဘုရား)၊ ဒါ ဘယ်သူရဲ့လမ်းပါလိမ့်. . . ။ (လူမိုက်ရဲ့ လမ်းပါဘုရား)။

## စရဏကင်းတဲ့ ပုဂ္ဂိုလ်လူမိုက်

ဒါဖြင့် စရဏကင်းတဲ့ ပုဂ္ဂိုလ်ကိုလည်း ဘာဆိုကြမလဲ . . . ။ (လူမိုက်ပါဘုရား)။

ဒါဖြင့် လူမိုက်သည် လာတုန်းကလည်း အဝိဇ္ဇာအမှောင်

ထဲက လာတယ်. . .။ (မှန်ပါ့)၊ ဟိုမှာ ဇာတိ အမိဝမ်းခေါင်း မှောင်ထဲကော မရောက်ဘူးလား . . .။ (ရောက်ပါတယ် ဘုရား)။

ဒါဖြင့် အမှောင်ထဲက လာ၍. . . (အမှောင်ထဲသွားပါ တယ်)၊ အမှောင်ထဲရောက်ရရှာတယ်။ လာတုန်းကလည်း အမှောင်ထဲက လာပါတယ်)၊ ရောက်ရာဌာနကလည်း . . . (အမှောင်ထဲရောက်ပါတယ်)၊ နေတုန်းကလည်း . . . (အမှောင် ထဲပဲ နေပါတယ်)၊ နေတုန်းကလည်း စရဏ ဘယ်တော့မှမပါဘူး . . .။ (မှန်ပါ့)၊ ဝိဇ္ဇာကော. . . (မပါ,ပါဘုရား)၊ ဒါဖြင့် အလာ အမှောင်, အနေအမှောင်, အရောက်အမှောင်- မှောင်သုံးချက်၊ ဒကာ ဒကာမတွေ ဒါ ဘယ်ပုဂ္ဂိုလ်ပါလိမ့်ဗျာ. . .။ (လူမိုက်ပါ ဗျာ)၊ လူမိုက် ပဋိစ္စသမုပ္ပာဒ်၊ ရှင်းပလား . . .။ (ရှင်းပါပြီဘုရား)။

## ဖြစ်ပျက်ရှုတဲ့ဉာဏ် ဝင်လိုက်တယ်

ကဲ. . . လူလိမ္မာ ပဋိစ္စသမုပ္ပာဒ်ကျတော့ ဒကာ ဒကာမ တွေ သိတဲ့အတိုင်း၊ လူလိမ္မာလည်း နောက်ဘဝက မသိတာက ဘာတုံး . . .။ (အဝိဇ္ဇာပါဘုရား)၊ မသိလို့ဘဲ၊ သူလည်း ကုသိုလ် ပြုပြီးသကာလ ဘုံဘဝ တပ်နှစ်သက်တဲ့ တဏှာနဲ့ သခၤါရလုပ်ပြီး ဆုတောင်းပြန်တယ်။ တောင်းတော့ ဒကာ ဒကာမတွေ ဝိညာဏ် မပေါ်ဘူးလား . . .။ (ပေါ်ပါတယ်ဘုရား)၊ သဘောကျပလား

. . . ။ (ကျပါတယ်ဘုရား)၊ နာမ်ရုပ်ကော. . . (ပေါ်ပါတယ်)၊ သင္ဍာယတနဆိုတဲ့ ခြောက်ခုလည်းမပေါ်ဘူးလား . . . ။ (ပေါ်ပါတယ်)၊ သင္ဍာယတနပစ္စယာ. . . (ဖဿ)၊ ဖဿပစ္စယာ. . . (ဝေဒနာပါဘုရား)၊ ဝေဒနာလာတော့ ဝေဒနာပစ္စယာ. . . (တဏှာပါဘုရား)၊ အဲ. . . သူက ဒီတဏှာ မလာဘူးတဲ့ ဒကာ ဒကာမတို့၊ ဒီကြားမှာ သူက စရဏနဲ့ ဝင်လိုက်တယ်. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီဘုရား)။

## မဂ္ဂင်ငါးပါး ဝင်လိုက်တယ်

ဘာဝင်လိုက်သလဲ. . . ။ (စရဏ ဝင်လိုက်ပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုတဲ့ဉာဏ် ဝင်လိုက်တယ်. . . ။ (မှန်ပါ့ဘုရား)၊ မဂ္ဂင်ငါးပါး ဝင်လိုက်တယ်. . . ။ (မှန်ပါ့)။

မဂ္ဂင်ငါးပါးထဲမှာ ခင်ဗျားတို့ စဉ်းစားကြည့်ပါလား . . . ။ လောကီသီလကလည်း ပါနေပြီ။ မပါဘူးလား . . . ။ (ပါ,ပါတယ်ဘုရား)၊ လောကီသီလဟာ ခင်ဗျားတို့ အလုပ်လုပ်နေတော့ မယုံလား . . . ။ (ယုံပါတယ်ဘုရား)၊ အဲ. . လောကီသီလက ပါနေတော့ စရဏက မပါသေးဘူးလား . . . ။ (ပါ,ပါတယ်ဘုရား)၊ ဖြစ်ပျက်ရှုနေတော့ သူတော်ကောင်းရတနာပညာကလည်း ပါမနေဘူးလား . . . ။ (ပါနေပါတယ်ဘုရား)၊ ဖြစ်ပျက်မြင်ပါဆိုကတည်းက သမာဓိက တည်ငြိမ်အောင်မပြုရင် ဖြစ်ပျက်

မြင်ပါ့မလား . . . ။ (မမြင်ပါ ဘုရား)။

## သူတော်ကောင်းနဲ့ သူယုတ်မာ ဘာထူးသလဲ

ဒါကြောင့် ဒကာ ဒကာမတို့ သူတော်ကောင်းနဲ့ သူယုတ်မာသည် ဘာထူးသလဲဆိုတာ၊ သူက ဝေဒနာနောက်မှာ ကိုစောမောင် ဘာလာသလဲ. . . ။ (စရဏ လာပါတယ်)၊ ဒီ စရဏရင့်ကျက်တော့ ဘာဖြစ်သွားမလဲ. . . ။ (ဝိဇ္ဇာဖြစ်သွားပါမယ်)၊ ဝိဇ္ဇာဖြစ်တော့ မဂ္ဂင်ရှစ်ပါး မလာဘူးလား . . . ။ (လာပါတယ်)၊ လာကတည်းက ဒီက တဏှာဥပါဒါန်ဆိုတဲ့ သမုဒယက . . . (ချုပ်ပါတယ်)၊ အနာဂတ်ဘဝတွေက. . . (ချုပ်သွားပါတယ်)၊ ကဲ. . . သဘောပါပလား . . . (ပါ, ပါပြီ)။

ဩော်. . . ဒါဖြင့် ဒီစရဏကိုဖြင့် ဆရာဘုန်းကြီး ဆရာဘုန်းကြီးနည်းပေးတာ အားကိုးရတော့မှာပဲ၊ သူ့ကိုမှ အားမကိုးလို့ရှိရင်ဖြင့် လူမိုက်တို့၏ သွားရာလမ်းကို သွားရမလား? . . (သွားရမှာပါဘုရား)၊ ရှင်းကြပလား . . . ။ (ရှင်းပါပြီဘုရား)။

ဒကာ ဒကာမတို့ လူမိုက် ပဋိစ္စသမုပ္ပာဒ်နဲ့ လူလိမ္မာ ပဋိစ္စသမုပ္ပာဒ်ကို အခုဒါဟာ သံယုတ်ပါဠိတော်လာတဲ့ ဗာလပဏ္ဍိတသုတ်ကို ရှင်းပေးတာ. . . ။ (မှန်ပါ့)၊ ခုနင်က စရဏနဲ့ ဝိဇ္ဇာဆိုတာက အင်္ဂုတ္တိုရ်ကလာတာ. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ)၊ နှစ်သုတ်ပေါင်းပြီး ဟောနေတယ်ဆိုတာ သဘော

ပါကြပလား . . . ။(ပါ,ပါပြီဘုရား)၊ လူမိုက်ပဋိစ္စသမုပ္ပာဒ်က အနာဂတ်ဘဝနဲ့ဆက်တယ်။ လူလိမ္မာပဋိစ္စသမုပ္ပာဒ်က အနာဂတ်ဘဝပြတ်တယ်. . . ။ (မှန်ပါ့)၊ ဘာ့ကြောင့်တုံးဆိုတော့ အနာဂတ်အကြောင်းဖြစ်တဲ့ တဏှာဥပါဒါန်ကံက ဘယ်နှယ်နေသတုံး . . . ။ (ချုပ်ပါတယ်ဘုရား)၊ ဒါ့ကြောင့် အနာဂတ် အကျိုးတွေ ဘာဖြစ်သတုံး . . . ။ (ချုပ်သွားပါတယ်ဘုရား)။

## လူလိမ္မာဖြစ်ချင်ရင် စရဏကြိုးစားပါ

ဒါဖြင့် ဒကာ ဒကာမတို့ လူလိမ္မာဖြစ်ချင်ရင် စရဏကြိုးစားပါ။ ဖြစ်ပျက်မြင်အောင်လုပ်ပါ။ သဘောကျပလား . . . ။ (ကျပါပြီ)၊ စရဏမှတစ်ပါး ကျုပ်တို့ ကိုးစားစရာ ရှိရဲ့လား . . . ။ (မရှိပါဘုရား)၊ အဲ. . . စရဏကနေပြီး စ,လိုက်လို့ရှိရင် ဝိဇ္ဇာရောက်မယ်. . . ။ (မှန်ပါ့)၊ ရှင်သာရိပုတ္တရာ မဖြေလား . . . ။ (ဖြေပါတယ်)၊ စရဏရင့်ရင် ဝိဇ္ဇာလာပါစေတော့လို့ တောင့်တရသေးသလား . . . ။ (မတောင့်တရပါဘုရား)။

ဒါ့ကြောင့် စရဏချည့်သက်သက်လည်း နိဗ္ဗာန်မရောက်ဘူးလို့ ဟောတော်မူသည်။ ဝိဇ္ဇာချည့်သက်သက်နဲ့ကော . . . (မရောက်ပါဘုရား)၊ ဝိဇ္ဇာစရဏပေါင်းပြီးသကာလ နေလို့ကော. . . (မရောက်ပါဘုရား)၊ ဝိဇ္ဇာစရဏ ကင်း၍ကော. . . (မရောက်ပါ ဘုရား)၊ စရဏရင့်ကျက်ရင်. . . (ဝိဇ္ဇာလာပါမယ်)၊

ဝိဇ္ဇာပေါ်လို့ရှိရင် အနာဂတ်အကြောင်း ဘာဖြစ်မလဲ. . . (ပြတ်ပါတယ်)၊ အနာဂတ် အကျိုးကော. . . (ချုပ်ပါတယ်)။

ဒါဖြင့် ဒကာ ဒကာမတို့ သောတာပန်တည်တာတောင် ပညာရှိဖြစ်ပါပြီ. . .။ (မှန်ပါ့)၊ သကဒါဂါမ်, အနာဂါမ် ရဟန္တာ မဖြစ်ပါနဲ့ဦး၊ သောတာပန်တည်တာတောင် ဒကာ ဒကာမတို့ ပညာရှိထဲ ပါ,ပါပြီ၊ ဝိဇ္ဇာဖြစ်လာပါပြီ. . .။ (မှန်ပါ့)၊ အလွန် ခုနစ်ဘဝဆိုတော့ သူများလို အသေဆိုး အနန္တရှိသေးရဲ့လား . . .။ (မရှိပါဘုရား)၊ ဟာ. . . တစ်ခါတည်းပဲ လေးမင်္ဂတန်းပြီး ရအောင် ကြိုးစားပါမယ်ဆိုတော့လည်း တကယ့်ပညာရှိထဲမှာ ကောင်းကောင်းကြီး ဝင်မသွားဘူးလား . . .။ (ဝင်သွားပါပြီ ဘုရား)၊ ရှင်းပလား . . .။ (ရှင်းပါပြီ)။

**ဘယ့်နှယ်ကြောင့် သံသရာရှည်ပါလိမ့်**

ဒါဖြင့် ကျုပ်တို့ သံသရာရှည်တာ ဘယ့်နှယ်ကြောင့် ရှည်ခဲ့ပါလိမ့်မတုံးဆိုတာ ပေါ်ကြပလား . . .။ (ပေါ်ပါပြီ)၊ ဘယ့်နှယ်ပေါ်ကြပါလိမ့်. . .။ (စရဏ မလုပ်ခဲ့လို့ပါ)၊ စရဏကို လည်း ထူထူထဲထဲမရှိခဲ့ဘူး . . .။ (မှန်ပါ့)၊ ဒါ့ကြောင့် ဝိဇ္ဇာက ဘယ်တော့မှ မပေါ်ခဲ့ဘူး။ မပေါ်ခြင်းကြောင့် လူမိုက်တို့၏ သွားရာလမ်းဖြစ်တဲ့ အမှောင်ထဲကလာ, အမှောင်ထဲမှာပဲနေ, သေတော့ . . . (အမှောင်ထဲပြန်ရောက်)၊ နောက်တစ်ခါ အမှောင် ထဲကနေပြီးသကာလ အမှောင်တွေပဲ ဒါပြန်လှည့်တယ်. . .။

(မှန်ပါ့)၊ အင်မတန်ကြောက်စရာ မကောင်းဘူးလား . . .။
(ကောင်းပါတယ်ဘုရား)။

## လူမိုက်နဲ့ လူလိမ္မာ ဘာထူးသတုံး

ဒါဖြင့် ဒကာ ဒကာမတို့ ဗာလပဏ္ဍိတသုတ်နဲ့ကော ကိုက်ပလား . . .။ (ကိုက်ပါပြီ)၊ ဗာလပဏ္ဍိတသုတ်ကို ဘုရားက ဟောလိုက်တာက လူမိုက်နဲ့လူလိမ္မာ ဘာထူးသတုံး . . .။ လူမိုက်က နောက်ပဋိသန္ဓေရှိတယ် . . .။ (မှန်ပါ့)၊ လူလိမ္မာက . . . (နောက်ပဋိသန္ဓေမလာပါဘူး)၊ နောက်ပဋိသန္ဓေ မလာတာ ဘာခေါ်ကြမလဲ . . .။ (လူလိမ္မာပါ)၊ ရှင်းပလား . . .။ (ရှင်းပါပြီ ဘုရား)။

ဘယ့်နှယ်ကြောင့် လူမိုက်နဲ့ လူလိမ္မာသည် ပဋိသန္ဓေ နေမှု, မနေမှု ကွာရသတုံးဆိုတော့ ဝိဇ္ဇာစရဏမရှိတဲ့ ပုဂ္ဂိုလ်မှာ နောက်ပဋိသန္ဓေ မနေရဘူးလား . . .။ (နေရပါတယ်)၊ လူမိုက်ထဲ မဝင်လား . . .။ (ဝင်ပါတယ်ဘုရား)၊ ဝိဇ္ဇာစရဏရှိတဲ့ ပုဂ္ဂိုလ်မှာ . . . (နောက်ပဋိသန္ဓေ မနေရပါဘုရား)၊ မနေရတော့ဘူးဆိုတော့ ဩော် . . . ဝိဇ္ဇာစရဏ အတော်အရေးကြီးပါကလား . . .။ (ကြီးပါတယ်)၊ ဒကာ ဒကာမတွေ ဝိဇ္ဇာစရဏ အရေးကြီးပုံ ပေါ်ပလား . . .။ (ပေါ်ပါပြီ)။

## ဘာကို အရေးတကြီးလုပ်ရမှာတုံး

ဒါဖြင့် ခင်ဗျားတို့ ဝိဇ္ဇာစရဏနှစ်ပါးတို့ကို ဘာအရေးတကြီးလုပ်ရမတုံး ကိုစောမောင် . . .။ (စရဏကို အရေးတကြီး လုပ်ရပါမယ်)၊ စရဏရင့်လာရင် ဘာဖြစ်သတုံး . . .။ (ဝိဇ္ဇာ အလိုလို ရမှာပါဘုရား)၊ ရှင်းပလား . . .။ (ရှင်းပါပြီ)။

ကိုင်း . . . စရဏရင့်လာရင်တော့ ဒီတဏှာတွေက လာသေးရဲ့လား . . .။ (မလာပါဘုရား)၊ တဏှာဥပါဒါန်ကံ မချုပ်ဘူးလား . . .။ (ချုပ်ပါတယ်ဘုရား)၊ စရဏထဲမှာလည်း လောကီပညာ ပါနေသောကြောင့် လောကီဝိဇ္ဇာ ပါမနေဘူးလား . . .။ (ပါ,ပါတယ်)၊ ဒါဖြင့် သူက အဝိဇ္ဇာလည်းချုပ်တယ်။ ဒီနောက်က လိုက်မည့်တဏှာကော. . . (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လူလိမ္မာက အဝိဇ္ဇာတဏှာချုပ်တယ်။ လူမိုက်က အဝိဇ္ဇာတဏှာ မချုပ်ပါဘုရား)၊ မချုပ်တဲ့အပြင် တဏှာဥပါဒါန်ကံဆိုတော့ ဒီအထဲမှာ အဝိဇ္ဇာကလည်း တွဲလျက် မနေဘူးလား . . .။ (နေပါတယ်)၊ ဒီက စွမ်းရည်သတ္တိ လွတ်ကဲ့ လား . . .။ (မလွတ်ပါဘုရား)၊ တစ်နည်းအားဖြင့်လည်း လောဘဖြစ်လို့ရှိရင် အဝိဇ္ဇာကပါတယ်. . .။ (မှန်ပါ့)၊ ဥပါဒါန် ဖြစ်လည်း . . . (ပါ,ပါ တယ်)၊ သဟဇာတအဖြစ်နဲ့ ပါလျက်ပဲ ဆိုတာ ငြင်းနေဖို့လိုသေးသလား . . .။ (မလိုပါဘုရား)၊ အဲဒီ တော့ သူက အဝိဇ္ဇာနဲ့ တဏှာချုပ်ပါရဲ့လား . . .။ (မချုပ်ပါ

ဘုရား)၊ မချုပ်လို့ နောက်ပဋိသန္ဓေ လာတယ်. . . ။ (မှန်ပါ့)။

## စရဏာရင့်ရင် ဝိဇ္ဇာဖြစ်တော့မယ်

ဒီကတော့ စရဏာနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်မြင်ကတည်းက ဝိဇ္ဇာမဖြစ်သေးဘူးလား . . . ။ (ဖြစ်ပါတယ်)၊ မြင်နေတဲ့ပုဂ္ဂိုလ်လည်း နောက်က တဏှာလာသေးရဲ့လား . . . ။ (မလာပါ ဘုရား)၊ တဏှာမလာတော့ အဝိဇ္ဇာနဲ့ တဏှာမချုပ်လား . . . ။ (ချုပ်ပါတယ်)၊ တကယ်တမ်း စရဏာရင့်လို့ ဝိဇ္ဇာဖြစ်တော့မယ် ဆိုလို့ရှိရင်၊ ဆိုင်ရာဆိုင်ရာ အဝိဇ္ဇာနဲ့ ဆိုင်ရာဆိုင်ရာ တဏှာတွေ ကော ပျမ်းမျှကြေးမချုပ်ပေဘူးလား . . . ။ (ချုပ်ပါတယ်ဘုရား)၊ ရဟန္တာဖြစ်အောင် ရှုလိုက်မယ်ဆိုရင် အကုန်မချုပ်သေးဘူးလား . . . ။ (ချုပ်ပါတယ်)၊ ချုပ်ခဲ့သော် ဒီတဏှာတွေ လာသေးရဲ့လား . . . ။ (မလာပါဘုရား)၊ ဒီ ဇာတိ, ဇရာ, မရဏ တွေကော . . . ။ (မလာတော့ပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ လူလိမ္မာဖြစ်အောင် စရဏာကနေပြီး ဝိဇ္ဇာဖြစ်အောင်လုပ်မှ ပဋိသန္ဓေလွတ်မယ်. . . ။ (မှန်ပါ့)၊ နို့မဟုတ်ရင် လွတ်စရာမြင်သေးရဲ့လား . . . ။ (မမြင်ပါဘုရား)၊ ဒီတော့ အင်မတန် အရေးကြီးတယ်ဆိုတာ မပေါ်သေးဘူးလား . . . ။ (ပေါ်ပါပြီဘုရား)။

## ဘယ်နေရာမှာ စရဏသွင်းရမှာတုံး

ဒါဖြင့် အားလုံး ဒကာ ဒကာမတွေ စဉ်းစားစမ်းပါ၊ ဘယ်နေရာမှာ စရဏသွင်းရမှာတုံး . . .။ (ဝေဒနာနဲ့ တဏှာကြားမှာ သွင်းရမှာပါ)၊ ပေါ်ပလား . . . ။ (ပေါ်ပါပြီ)။

ဒါ စာသံပါအောင် ပြောတော့၊ ဝေဒနာနဲ့ တဏှာကြားမှာ စရဏဖြစ်အောင် သွင်းရမယ်မပြောဘူးလား . . . ။ (ပြောပါတယ်)၊ ဟုတ်ပါတယ် ဒကာ ဒကာမတို့၊ ဝေဒနာနောက်က တဏှာ မလိုက်လို့ရှိရင်ဖြင့် စရဏသာလိုက်တယ်. . . ။ (မှန်ပါ့)၊ စရဏ လိုက်ပေးတဲ့အခါကျတော့ ရှေ့ပိုင်းက ဝိညာဏ်နာမ်ရုပ် သဠာယတန ဖဿဝေဒနာ မရှိဘူးလား . . . ။ (ရှိပါတယ်)၊ ဝေဒနာကြိုက်တဲ့ပုဂ္ဂိုလ် ဘာရှုရမတုံး . . . ။ (ဝေဒနာရှုရပါမယ်)၊ ဝေဒနာရှုလို့ရှိရင် ဝေဒနာက ဖြစ်ပျက်၊ ရှုတာက စရဏ. . . ။ (မှန်ပါ့)။

## ဝေဒနာက ဖြစ်ပျက်၊ ရှုတာက စရဏ

ဝေဒနာက. . . (ဖြစ်ပျက်ပါဘုရား)၊ ဝေဒနာက အနိစ္စထားပါ။ ဝေဒနာက အနိစ္စ, ရှုတာက. . . (မဂ်ပါဘုရား)၊ အဲ. . . စရဏပဲထားပါတော့။ မဂ္ဂလည်းဟုတ်တာပဲ၊ စရဏက ကော. . . (ဟုတ်ပါတယ်ဘုရား)၊ မဂ်ဆိုတာက လောကီမဂ်ကိုး ဗျ။ ရိပ်မိပလား . . . ။ (ရိပ်မိပါပြီ)။

တစ်ခါ. . . ဝေဒနာ မရှုချင်ပါဘုရား၊ ဖဿကို တပည့်တော် ဝါသနာပါတယ်ဆိုရင်ဖြင့် ရှုလိုက်တော့ ဖဿက အနိစ္စဖြစ်မယ်။ ရှုတာက. . . (စရဏပါဘုရား)၊ သဘောကျပလား . . . ။ (ကျပါပြီ)။

## အနိစ္စနဲ့ စရဏ တွဲလိုက်ပါ

ဒါဖြင့် အနိစ္စနဲ့ စရဏ တွဲလိုက်လို့ရှိရင်လည်း၊ ဒကာ ဒကာမတို့ ဒီဘက်က တဏှာဟာ ခဏခဏသေတယ်. . . ။ (မှန်ပါ့)၊ ဒီစရဏ ရင့်လာလို့ရှိရင် ဝိဇ္ဇာဖြစ်ရမယ်။ ဝိဇ္ဇာဖြစ်ရင် ဒါတွေလုံးလုံးသေတယ်. . . ။ (မှန်ပါ့)၊ ကိုက်ပလား . . . ။ (ကိုက်ပါပြီ ဘုရား)၊ တော်တော်အရေးကြီးပါလားဆိုတာ မပေါ် ဘူးလား . . . ။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိဇ္ဇာနဲ့စရဏသည် အင်မတန် အရေးကြီးတယ်. . . ။ (မှန်ပါ့)၊ သို့သော် သူတို့နှစ်ခုမှာလည်း ဝိဇ္ဇာစရဏလို့သာ ဆိုရတယ်၊ ဘယ်သူက အရင်းခံ အရေးကြီး သလဲ. . . ။ (စရဏက အရေးကြီးပါတယ်)၊ စရဏရင့်တော့ ဝိဇ္ဇာ လာခဲ့လို့ ခေါ်ရသလား၊ အလိုလိုပေါ်သလား . . . ။ (အလိုလို ပေါ်ပါတယ်ဘုရား)၊ အလိုလိုပေါ်တော့ ကျုပ်တို့ သံသယရှိဖို့ လိုသေးသလား . . . ။ (မလိုပါဘုရား)။

## လူလိမ္မာဖြစ်ချင်ရင်

ဒါဖြင့် ဒကာ ဒကာမတို့ လူလိမ္မာဖြစ်ချင်ရင် စရဏ ကြိုးစားပါ . . . ။ (မှန်ပါ့)၊သဘောကျပလား . . . ။ (ကျပါပြီ)။

လူလိမ္မာဖြစ်ချင်ရင်. . . (စရဏကြိုးစားရပါမယ် ဘုရား)၊ စရဏကြိုးစားလို့ လူလိမ္မာလည်းဖြစ်ပါရော၊ ဒကာ ဒကာမတို့ နောက်သံသရာ ရှိသေးရဲ့လား . . . ။ (မရှိပါဘုရား)။

ဒါဖြင့် ရှုစရာဘယ်နှမျိုးတုံး . . . ။ (ပဋိစ္စသမုပ္ပာဒ်နဲ့ ဝေဖန်လို့ ရှိရင်၊ ဝိပါကဝဋ်ရှုရင် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, ဒီငါးခုဟာ ရှုစရာချည့်ပဲ။ သူ့နောက်က စရဏ လိုက်ပေးပါ. . . ။) (မှန်ပါ့)။

## ပစ္စုပ္ပန်ရှုရမယ်

ရှေ့ပိုင်းက ရှုစရာ ဘယ်နှမျိုးပါလိမ့်. . . ။ (ငါးမျိုးပါ ဘုရား)၊ အဝိဇ္ဇာသင်္ခါရ ကိုစောမောင်၊ အတိတ်ဘဝက နေခဲ့လို့ လွန်ခဲ့ပြီ. . . ။ (မှန်ပါ့)၊ ရှုလို့ဖြစ်သေးရဲ့လား . . . ။ (မဖြစ်ပါ ဘုရား)၊ အခုရှုရမှာက ဘာပါလိမ့်. . . ။ (ပစ္စုပ္ပန်ပါ)၊ ပစ္စုပ္ပန် ရှုရမယ်ဆိုတော့ ဘယ်နှမျိုးရှိသတုံး . . . ။ (ငါးမျိုးရှိပါတယ် ဘုရား)၊ ဘယ်ဟာတွေတုံး . . . ။ (ဝိညာဏ်, နာမ်ရုပ်, သဠာ ယတန, ဖဿ, ဝေဒနာပါဘုရား)၊ အဲဒါတွေထဲက ကြိုက် ရာရှု. . . ။ (မှန်ပါ့)၊ ဝေဒနာ ရှုချင်လည်းရှု၊ ဖဿရှုချင်ကော. . .

(ရှုရပါမယ်)၊ တစ်ခုရှုရင်လည်း အကုန်ပါ နိုင်တယ်ဆိုတာလည်း မှတ်လိုက်ကြတာပေါ့. . . ။(မှန်ပါ့)၊ ဒါက ဘုန်းကြီးဟောပြီးသား ပဲ၊ ခင်ဗျားတို့ သိပြီးသားတွေပဲ၊ သဟဇာတ သဘောတွေ ပဲ. . . ။ (မှန်ပါ့)။

## ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်ရှုပါ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ရှုစရာလည်း ရှေ့ပိုင်းကပြပြီ။ နောက်က စရဏကလေး လိုက်လိုက်ပေးပါ ဆိုတာလည်း သေချာပြီ၊ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတော့ ခင်ဗျားတို့ ထမင်းစားတာ, ကျောက်ဝယ်တာ, ကျောက်ဝယ်လို့ကောင်းတဲ့ဆီကျအောင် မသွားဘူးလား . . . ။ (သွားပါတယ်ဘုရား)၊ အဲဒါကလေး ပေါ်တိုင်းပေါ်တိုင်း ဘာလုပ် ရမလဲ. . . ။ (ဖြစ်ပျက်ရှုရပါတယ်)၊ ဖြစ်ပျက်ရှုလိုက်တော့ ဖြစ်ပျက်က အနိစ္စ, ရှုတာက စရဏ. . . (မှန်ပါ့)၊ အဲဒီ စရဏ ရင့်ရင် ဘာဖြစ်မတုံး . . . ။ (ဝိဇ္ဇာဖြစ်ပါမယ်)၊ ဆုတောင်းနေရ ဦးမှာလား . . . . ။ (မတောင်းရပါဘုရား)၊ သဘောကျပလား . . . ။ (ကျပါပြီဘုရား)။

## အပြောဟာ အင်မတန် နက်နဲတယ်

ဒါကြောင့် ရှင်သာရိပုတ္တရာအပြောဟာ အင်မတန် နက်နဲ တယ်ဆိုတာပေါ်လာပြီ. . .။ (ပေါ်ပါပြီဘုရား)၊ ဘယ်လိုများ နက်နဲသတုံးဆိုတော့ ဝိဇ္ဇာချည့်သက်သက် နိဗ္ဗာန်ရောက်သလား ဆိုတော့ . . . (မရောက်ပါဘုရား)၊ စရဏသက်သက်နဲ့ချည့် ကော. . . (မရောက်ပါဘုရား)၊ ဘယ်စရဏနဲ့ရောက်မလဲ၊ စရဏရင့်မှ ဝိဇ္ဇာရောက်မယ်. . .။ (မှန်ပါ)၊ အဲဒီတော့ ရင့်မရင့် ကို သိချင်တာ။ ရိပ်မိပလား . . . ။ (ရိပ်မိပါပြီဘုရား)။

ဘာဟောလိုတာပါလိမ့်. . .။ (စရဏရင့်မှ ဝိဇ္ဇာလာမှာ ပါဘုရား)၊ စရဏရင့်မှ ဝိဇ္ဇာလာမယ်ဆိုတော့ သူတို့သက်သက် ချည့် မေးနေရင် မရဘူးချည့် ဖြေရမှာပဲ. . .။ (မှန်ပါ)၊ မဖြေထိုက် ဘူးလား . . .။ (ဖြေထိုက်ပါတယ်ဘုရား)။

## စရဏရင့်မှု အဓိက

ဒါဖြင့် ၁-နံပါတ်က ဝိဇ္ဇာသက်သက်နဲ့ နိဗ္ဗာန်ရောက် မလား . . .။ (မရောက်ပါဘုရား)၊ စရဏသက်သက်နဲ့. . . (မရောက်ပါဘုရား)၊ ဝိဇ္ဇာစရဏ ရောနေလို့ကော. . . (မရောက် ပါဘုရား)၊ ဝိဇ္ဇာစရဏမှ တစ်ပါးသော တရားနဲ့ကော. . . (မရောက်ပါဘုရား)၊ ဒါဖြင့် ဘယ်လိုမှ ရောက်မလဲ. . .။ (စရဏ ရင့်မှ ဝိဇ္ဇာလာပါမယ်)၊ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ စရဏ

ရင့်မှုကို ပဓာနထားပြီ. . . ။ (မှန်ပါ့)။

တစ်ခုတည်းနဲ့တော့ မရောက်ဘူးပြောကတည်းက ဘာကို ပဓာနထားသတုံး . . . ။ (စရဏရင့်မှုကို ပဓာနထားပါတယ်)၊ စရဏရင့်မှုကို အဓိကမထားဘူးလား . . . ။ (ထားပါတယ် ဘုရား)၊ စရဏရင့်တော့ ဝိဇ္ဇာလာပါစေတော့လို့ ကိုစောမောင်က ဆုတောင်းရဦးမှာလား . . . ။ (မတောင်းရပါဘုရား)၊ ဒါ့ကြောင့် ခုနင်က တစ်ခုစီပြောင်းမေးရင် အကုန်ပယ်တဲ့သဘော ရိပ်မိ ပလား . . . ။ (ရိပ်မိပါပြီဘုရား)။

## စရဏဆိုတာ ဖြစ်ပျက်ရှုတာ

ဒါဖြင့် ဒကာ ဒကာမတို့ ဘာလိုနေပါလိမ့်. . . ။ (စရဏ လိုနေပါတယ်)၊ စရဏဆိုတာ ဘာပါလိမ့်မလဲမေးတော့ ဖြစ်ပျက် ရှုတာ. . . (မှန်ပါ)၊ အဲဒါရင့်သွားရင်. . . (ဝိဇ္ဇာဖြစ်ပါတယ်)၊ ဝိဇ္ဇာ ဆိုတာ မဂ်ပဲမဟုတ်လား . . . ။ (မှန်ပါ့)။

ကိုင်း . . . ဒါဖြင့် အားငယ်စရာများကော ပါသေး သလား . . . ။ (မပါ့ပါဘုရား)၊ လူလိမ္မာကော ဖြစ်ပလား . . . ။ (ဖြစ်ပါပြီ ဘုရား)၊ လူလိမ္မာဖြစ်တာ ဘယ်အကြောင်းကြောင့် သိရသတုံးဆိုတော့ သူ့နောက်က တဏှာက လာသေးသလား . . . ။ (မလာပါဘုရား)၊ ဥပါဒါန် . . . (မလာပါဘုရား)၊ ကံကော. . . (မလာပါ ဘုရား)။

ဩော်. . . လူမိုက်နဲ့ လူလိမ္မာ ဘာထူးပါလိမ့်ဆိုတော့ ဝေဒနာနဲ့တဏှာကြားမှာ လူလိမ္မာက စရဏသွင်းတယ်. . .။ (မှန်ပါ့)၊ လူမိုက်က . . .။ (မသွင်းနိုင်ပါဘုရား)၊ ရှင်းပလား . . .။ (ရှင်းပါပြီ)၊ ဒါဖြင့် လူမိုက် လူလိမ္မာဟာ ဒါကို အဓိကထားပြီး ခွဲတာ။ သဘောကျပလား . . .။ (ကျပါပြီ)။

## ဝေဒနာနောက်က စရဏလိုက်ပါ

ဒါကြောင့် မနေ့ကပြောခဲ့တယ်၊ ခင်ဗျားတို့ သောတာပန် တည်ချင်လို့ရှိရင်လည်း ဝေဒနာနောက်က စရဏလိုက်ပါ. . .။ (မှန်ပါ့)၊ သကဒါဂါမ်, အနာဂါမ် တည်ချင်လို့ရှိရင်ကော. . . (ဝေဒနာနောက်က စရဏလိုက်ရပါမယ်ဘုရား)၊ ရဟန္တာဖြစ်ချင်ရင်ကော. . . (ဝေဒနာနောက်က စရဏလိုက်ရပါမယ်ဘုရား)၊ ဘုရားဖြစ်တာတောင်. . . (ဝေဒနာနောက်က စရဏလိုက်ရပါမယ် ဘုရား)၊ စရဏလိုက်ပေးရမယ်။ တဏှာလာနေ့ရင်တော့ ဖြစ်မှာမဟုတ်ဘူး . . .။ (မှန်ပါ့)။

ဒါကြောင့် မနေ့က ခင်ဗျားတို့ ထူးထူးခြားခြားပဲ ပြောလိုက်တယ်။ ဘုရားက ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တယ်ဆိုတာဟာ ဝေါဟာရပါ. . .။ (မှန်ပါ့)၊ ဝေဒနာနဲ့ တဏှာကြားမှာ စရဏဝင်လိုက်တာ ဘာဖြစ်သွားသတုံး . . .။ (ဘုရားဖြစ်သွားပါတယ်ဘုရား)၊ အဲ. . . ဝိဇ္ဇာစရဏသမ္ပန္နဆိုတာ ဒီနေရာ

မှာဖြစ်တာ. . . ။ (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီ ဘုရား)၊ ဗောဓိပင်နဲ့ ရွှေပလ္လင်က ကံကြောင့်ဖြစ်တာ. . . ။ (မှန်ပါ့)၊ ဒါက သီလ, သမာဓိ, ပညာကြောင့်ဖြစ်တာ. . . ။ (မှန်ပါ့)။

ဒါဖြင့် ဘုရားအစစ်က ဗောဓိပင်နဲ့ ရွှေပလ္လင်က ဘုရားလား ကိုစောမောင်. . . ။ (မဟုတ်ပါဘုရား)၊ ဝိဇ္ဇာစရဏနဲ့ ပြည့်စုံတာကမှ. . . (ဘုရားအစစ်ပါဘုရား)၊ ခင်ဗျားတို့လည်း ဝိဇ္ဇာစရဏ ပြည့်စုံရင် ကိုယ့်သောတာပန်, ကိုယ့်သကဒါဂါမ်, ကိုယ့်အနာဂါမ်ဖြစ်မယ်၊ ကိုယ်နဲ့ထိုက်တန်သလို. . . (မှန်ပါ့)၊ သဘောကျပလား . . . ။ (ကျပါပြီဘုရား)။

## အာသဝေါတရားကုန်တဲ့ဉာဏ်

ဘုရားမှာတော့ ပုဒ်အာဆိုတော့ ဝိဇ္ဇာသုံးပါးကိုးဗျ။ ကျုပ်တို့မှာတော့ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်တော့ ရမှာမဟုတ်ဘူး။ အာသဝက္ခယဉာဏ်တော့ ရနိုင်ပါလိမ့်မယ်. . . ။ (မှန်ပါ့)၊ အာသဝေါ တရားကုန်တဲ့ ဉာဏ်ကတော့ မရနိုင်ပေဘူးလား . . . ။ (ရနိုင်ပါတယ် ဘုရား)၊ အဲဒါက ဒကာ ဒကာမတို့ သူ့ပါရမီနဲ့ သူကိုးဗျ။ ကျုပ်တို့မှာ တော့ တစ်ဉာဏ်တော့ ရနိုင်ပါလိမ့်မယ်။ အာသဝေါကုန်တဲ့ ဉာဏ်တော့ . . . (ရနိုင်ပါတယ် ဘုရား)၊ ရှင်းပလား . . . ။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဘုရား ဘယ်နေရာမှာဖြစ်သတုံး . . . ။ (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)၊ ဝေဒနာနဲ့ တဏှာကြားမှာ ဝိဇ္ဇာနဲ့ စရဏပေါ်တယ်. . . ။ (မှန်ပါ့)။

## ဘုရား၊ ရဟန္တာ၊ ဘယ်နေရာမှာ ဖြစ်သတုံး

သောတာပန် ဘယ်နေရာဖြစ်သတုံး . . . ။ (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)၊ သကဒါဂါမ်, အနာဂါမ် ဘယ်နေရာမှာ ဖြစ်သတုံး . . . ။ (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)၊ ဒီနေရာမှာ ဝိဇ္ဇာနဲ့စရဏပေါ်တယ်. . . ။ (မှန်ပါ့)၊ ရဟန္တာ ဘယ်နေရာဖြစ်သတုံး . . . ။ (ဝေဒနာနဲ့ တဏှာကြားမှာပါဘုရား)၊ ဘာပေါ်သတုံး . . . (စရဏပေါ်ပါတယ်)၊ စရဏပေါ်လို့ ဝိဇ္ဇာကော မရပေဘူးလား . . . ။ (ရပါတယ်ဘုရား)။

အဲဒါကြောင့် ဗောဓိပင်နဲ့ ရွှေပလ္လင်မှာ ဘုရားဖြစ်တော်မူတယ်။ ဘယ်တောင်ခေါင်း လိုဏ်ဂူမှာ ရဟန္တာဖြစ်သွားတယ် ဆိုတာက ဗဟိဒ္ဓနေရာဌာနပါ. . . ။ (မှန်ပါ့)၊ အဇ္ဈတ္တက ဘုရားဖြစ်တာ၊ ရဟန္တာဖြစ်တာ အစစ်က ဝေဒနာနဲ့ တဏှာကြားမှာ စရဏဝင်လို့ချည့် မှတ်ပါ. . . ။ (မှန်ပါ့)၊ သဘောပါပလား . . . ။ (ပါ,ပါပြီ)။

ကဲ. . . ယနေ့ ဒီတွင် တော်ပါဦး။

သာဓု . . . သာဓု. . . သာဓု. . . ။